ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၅ ရက်၊ စနေနေ့။ Saturday, 26 August 2017 (၉၀၂၈)

# ရခိုင်ပြည်နယ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားသည့်ဒေသ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားကို လက်ရှိထက်တိုးမြှင့်ချထားပြီး တပ်မတော်မှလည်း တပ်ဖွဲ့အင်အားဖြည့်တင်းကာ ဒေသခံပြည်သူများ၏လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် ပြုလုပ်ပေးထား



ရခိုင်ပြည်နယ် လုံခြုံရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အသေးစိတ်လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ လူကိုယ်တိုင်လာရောက်၍ ယနေ့နံနက်စောစောပိုင်းက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနေမှု အခြေအနေများကို တင်ပြခဲ့သည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် ဆက်သွယ်ကာ လိုအပ်သော လုံခြုံရေးတပ်ဖွဲ့များထပ်မံဖြည့်တင်းရေးကိစ္စ၊ ရဟတ်ယာဉ်သုံးစွဲရေးကိစ္စတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည်လည်း နိုင်ငံတော်သမ္မတထံ အခြေအနေကို ဆက်သွယ်သတင်းပို့ခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား နိုင်ငံတော်သမ္မတအိမ်တော်၌ မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံကာ ရခိုင်ပြည်နယ် လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိရောက်စွာကာကွယ်စောင့်ရှောက်ရန်နှင့် အကြမ်းဖက်သမားများအား ထိရောက်စွာနှိမ်နင်းရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

**“မောင်တောမြို့နယ် ခမောင်းဆိပ်မြို့ တောင်ပြိုလက်ဝဲမြို့နှင့် မြင်းလွတ်မြို့တို့တွင် ပိတ်မိနေသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံရာသို့ပြောင်းရွှေ့ပေးထားပြီးဖြစ်...”**

## နိုင်ငံအတွက် အသက်ပေးလှူသွားသည့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် တစ်သားတည်းရပ်တည်လျက်ရှိပြီး ထပ်တူထပ်မျှဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာ

**ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုလုပ်ရပ်များနှင့်စပ်လျဉ်း၍ ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်ချက်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့ရက်စွဲဖြင့် ကြေညာခဲ့သည်။ ၎င်းကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရခိုင်ပြည်နယ်တွင် ယနေ့ ဖြစ်ပေါ်နေသည့်တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထုတ်ပြန်ကြေညာချက်**
**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

ရခိုင်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့များအပေါ် အကြမ်းဖက်သမားများ၏ ကြမ်းတမ်းရက်စက်သည့် တိုက်ခိုက်မှုလုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချပါသည်။

စိန်ခေါ်မှုအများအပြားကို ရင်ဆိုင်ရာတွင် သတ္တိရှိရှိ ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါသည်။ နိုင်ငံအတွက် အသက်ပေးလှူသွားသည့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း တစ်သားတည်း ရပ်တည်လျက်ရှိပြီး ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာထုတ်ပြန်မှုနှင့် အချိန်ကိုက်၍ တိုက်ခိုက်မှုများဖြစ်လာနိုင်ဖွယ်ရာရှိသည်ကို ယခင်ကတည်းက ကြိုတင်မှန်းဆထားသည့်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအားလည်း ညွှန်ကြားချက်များပေးထားခဲ့ပါသည်။

ယနေ့တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်မှုတို့အတွက် ကြိုးပမ်းအားထုတ်နေမှုများကို ထိခိုက်ယုတ်လျော့သွားစေရန် ဦးတည်ချက်ရှိရှိ စနစ်တကျ စီမံဆောင်ရွက်နေသည့် လုပ်ရပ်များဖြစ်သည်မှာ ထင်ရှားနေပါသည်။ အစွန်းရောက်အကြမ်းဖက်သမားများ၏ ရက်စက်ပြင်းထန်သည့် **စာမျက်နှာ ၈ ကော်လံ ၅ သို့** ✱




## YBS အထူးယာဉ်မောင်းသင်တန်းအမှတ်စဉ်(၃) အမျိုးသမီးများပါ လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၂၅**

YBS အထူးယာဉ်မောင်းသင်တန်းအမှတ်စဉ်(၃)အတွက် သင်တန်းသားယာဉ်မောင်းလျှောက်လွှာများ ထပ်မံခေါ်ယူလိုက်ပြီး အမျိုးသမီးယာဉ်မောင်းများလည်း လျှောက်ထားနိုင်ကြောင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✱

ပထမ အမျိုးသား အာမခံ
FNI
FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE
www.fnipublic.com
သောကကင်းဝေး စိတ်အေးစေနိုင် FNI
မော်တော်ယာဉ် အာမခံ
မီး အာမခံ
ခရီးသွား အာမခံ
ကျန်းမာရေး အာမခံ
အခြားအာမခံများ
ရန်ကုန်(ရုံးချုပ်) 01-8610661~5
ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163
မန္တလေး 02-2844525, 09-423687900
မော်လမြိုင် 057-26538, 09-442258990~1
မုံရွာ 071-26281, 09-442258992~3
ပြည် 053-24220, 09-442258994~5

ကြေးမုံ

# ပြဿနာဖြေရှင်းရေးပူးပေါင်းပါဝင်

လူ့ဘဝတွင် အသက်တစ်ရာမနေရ၊ အမှုတစ်ရာပွေ့ရ ဆိုစကားကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင်လည်း ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက်၌ ရှုပ်ထွေးပွေလီလှသည့် ပြဿနာအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရစမြဲဖြစ်သည်။ အထူးသဖြင့် နိုင်ငံရေးစနစ်အပြောင်းအလဲ၌ဖြစ်စေ၊ နိုင်ငံ၏အားနည်းချွတ်ချော်မှုတစ်ခုခုကြောင့်ဖြစ်စေ ပြဿနာတစ်ခုခုကို ကြုံတွေ့တတ်စမြဲဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှစတင်၍ ဖြစ်ပွားခဲ့သော ပြဿနာအများစုမှာ မီးလောင်ရာလေပင့်သဖြင့် ပြဿနာမီးမငြိမ်းအေးနိုင်ဘဲ ပိုမိုဖြစ်ပွားခဲ့ရသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သောပြဿနာအမျိုးမျိုးတွင် ရခိုင်ပြည်နယ်အရေးမှာ သမိုင်းကြောင်းနောက်ခံအကြောင်းတရားများကို အခြေခံကာ ဘေးပယောဂမျိုးစုံ ဝင်ရောက်နှောင့်ယှက်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုအမျိုးမျိုးတို့ကြောင့် ဖြေရှင်းရခက်ခဲသောအခြေအနေများဖြစ်ခဲ့သည်ဟု ဆိုနိုင်သည်။ ယင်းကို ကိုင်တွယ်ဆောင်ရွက်ရသည့် အစိုးရတစ်ရပ်အနေဖြင့် စိတ်ရှည်သည်းခံပြီး လမ်းကြောင်းမှန်စွာဖြင့် ဥပဒေနှင့်အညီ စနစ်တကျဖြေရှင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ယမန်နှစ်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောပြဿနာများကို ဥပဒေနှင့်အညီ စနစ်တကျဖြေရှင်းနိုင်ရန် နိုင်ငံတော်က ရခိုင်ပြည်နယ်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်၊ အကြံပေးကော်မရှင်တို့ကို ဖွဲ့စည်းပေးကာ ပြဿနာ၏အရင်းအမြစ်ကို မှန်မှန်ကန်ကန်အဖြေရှာနိုင်စေရန် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ ယင်းအရေးနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် ဓမ္မဓိဋ္ဌာန်ကျသည့် သဘောထားအမြင်ကို ထုတ်ပြန်အသိပေးခဲ့သည်။

အကြံပေးကော်မရှင်က အသိအမှတ်ပြုထားပြီးဖြစ်သည့်အတိုင်း ရခိုင်ပြည်နယ်အခြေအနေသည် လွန်စွာမှပင ရှုပ်ထွေးနက်နဲလှပြီး အချိန်တိုအတွင်း ဖြေရှင်းနိုင်သည့်ပြဿနာမဟုတ်ချေ။ ကာလရှည်ကြာ ဖွံ့ဖြိုးမှုနိမ့်ကျခဲ့သော ပြည်နယ်ဖြစ်သောကြောင့် ပြဿနာဖြေရှင်းရာတွင် စိန်ခေါ်မှုများ ပိုမိုကြီးထွားစေခဲ့သည်။ ယမန်နှစ်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများမှ စတင်ကာ စိတ်မကောင်းဖွယ်အနိဋ္ဌာရုံသတင်းများကို အများပြည်သူတို့ ယနေ့ထိတိုင် ကြားသိနေကြရမည်ဖြစ်သည်။

ဖြေရှင်းရခက်ခဲနေသော အခြေအနေတစ်ရပ်တွင် မီးလောင်ရာလေပင့်သကဲ့သို့ ပိုမိုဆိုးရွားလာစေရန် ပြင်ပမှဝင်ရောက်စွက်ဖက်သည့် အဖျက်အမှောင့်လုပ်ရပ်များကို မြင်တွေ့ရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွက် ကောင်းမွန်သည့်လမ်းကြောင်းကို ရှာဖွေရာတွင် ချက်ချင်းလက်ငင်း မဖြေရှင်းနိုင်သေးသည့် အခက်အခဲများရှိနေသည်ကိုလည်း နားလည်ပေးကြရမည်ဖြစ်သည်။ အဓိကလိုအပ်ချက်မှာ လူ့အသိုင်းအဝိုင်းများအကြား စိတ်ထားခံယူချက်ပြောင်းလဲလာရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန် အထူးလိုအပ်သည်။

ကော်မရှင်၏ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ကြိုဆိုရမည်ဖြစ်သည်။ အရေးကြီးသည်မှာ တည်ငြိမ်အေးချမ်းရေးဖြစ်၍ နိုင်ငံတော်အစိုးရ နိုင်ငံ့တာဝန်စတင်ယူသည့်အချိန်မှစ၍ ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ရသည်။ အကြံပြုချက်အများအပြားကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိုးတက်မှုများလည်း ရရှိနေသည်။ မကြာမီအချိန်တွင် ကျန်ရှိသော ဆောင်ရွက်ဖွယ်ရာတို့ကို အမြန်ဆုံးဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေချိန်တွင် ရခိုင်ပြည်နယ်အရေးကိစ္စများကို ဆိုးရွားသွားစေမည့် မီးလောင်ရာလေပင့်လုပ်ဆောင်မှုများကို ရှောင်ရှားကာ ပြဿနာဖြေရှင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရန် အလေးအနက်တိုက်တွန်းပါသည်။ ။

## ကျန်းမာရေးနှင့်ညီညွတ်၍ အန္တရာယ်ကင်းသောအစားအသောက်များစားသုံးနိုင်ရန် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်၍ အန္တရာယ်ကင်းသော အစားအသောက်များ စားသုံးနိုင်ရန် ထိရောက်၍ ထင်သာမြင်သာရှိသည့် လုပ်ငန်းရပ်များ ချက်ချင်းချမှတ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အစားအသောက်နှင့် ဆေးဝါးပြဿနာသည် ရေရှည်ဆိုးကျိုးကို ပေးနိုင်သောကြောင့် ပို၍ဂရုပြု ဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ကျန်းမာရေး အသိပညာမြင့်မားရေးသည် အရေးကြီးသည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အထူးအလေးပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးများတွင် သက်တမ်းကုန်ဆုံးသည့်နေ့၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များ ပါဝင်သည့် အစားအသောက်၊ ဆေးဝါးများကိုသာ ရွေးချယ်ဝယ်ယူသည့် အလေ့အကျင့်များကို ရရှိစေလိုကြောင်း၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ (MMFDA-Approved) တံဆိပ်ကပ်နိုင်သည်အထိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ကျောင်းသားထုသည် ကိုးသန်းခန့်ရှိရာ အင်အားကြီးသည့်အတွက် ကျောင်းသားများမှတစ်ဆင့် မိသားစုများဆီသို့ ကျန်းမာရေးအသိပညာများ ပြန်လည်ဖြန့်ဝေပေးနိုင်သဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းကိုလည်း ပိုမိုလုပ်ဆောင်စေလိုကြောင်း၊ ရောင်းချသူများအပိုင်းမှလည်း စားသုံးရန် မသင့်သည်များကို ကျင့်ဝတ်နှင့်အညီ မထည့်၊ မရောင်းဘဲ အရည်အသွေးကောင်းများကိုသာ ရောင်းချနိုင်ရန် ပညာပေးဆောင်ရွက်စေလိုကြောင်း။

အစားအသောက်နှင့် ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ရင်ဆိုင်နေရသည့် အရေးအကြီးဆုံး ပြဿနာဖြစ်သည့်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် တစ်ပြည်လုံးအတိုင်းအတာဖြင့် စီမံချက်ပုံစံဆောင်ရွက်ရာတွင် ဖောက်ထွက်တွေးခြင်း၊ ဆန်းသစ်တီထွင်တွေးခေါ်ခြင်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွဋ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်တို့က ဦးစီးဌာနမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**(သတင်းစဉ်)**

၀

## အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများကို ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြော

**မင်းဘူး ဩဂုတ် ၂၅**

မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တွေ့ဆုံကာ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဟောပြောရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဦးဝင်းမြင့်သောင်းက စံချိန်စံညွှန်း၊ အရည်အသွေးမီထုတ်လုပ်သော ကုန်ပစ္စည်းတွင် ပါဝင်ရမည့်အချက်များဖြစ်သည့် ကုန်အမှတ်တံဆိပ်၊ ကုန်ပစ္စည်းအမျိုးအမည်၊ ပါဝင်ပစ္စည်းများ၊ ဘေးထွက်ဆိုးကျိုး၊ ထုတ်လုပ်သူလိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ သက်ဆိုင်ရာထောက်ခံချက်စသည့်အချက်များကို ရှင်းလင်းပြောကြားကာ ထုတ်လုပ်သူများက သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချဆိုင်များသို့ သွားရောက်ကာ အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ သုံးစွဲခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ၊ မရှိ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၂၁၅၀၀ | - | ၉၂၁၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၂၁၅၀၀ | - | ၉၂၁၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၅/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၈၀ ကျပ်၊ | ၇၀၀/၇၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၅. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၄. ၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၇၉၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၃၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၅၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၀. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၆၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၄. ၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉. ၆၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်စေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ
themirror.npt@gmail.com
www.facebook.com/themirrordaily

# နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူ

# ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေ

နေပြည်တော် ဩဂုတ် ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။**

**ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ ကျင်းပခဲ့သည်။**

**ထို့ပြင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးတည်ထောင်ခြင်း ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။**

**အဆိုပါ ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးတည်ထောင်ခြင်း ပူးတွဲကြေညာချက်

## (နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါသည်။

၂။ ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်နှင့် ဗီယက်နမ်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့ပါသည်။ ယင်းသို့နွေးထွေးစွာကြိုဆိုခဲ့ခြင်းသည် နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ပြသလျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတမှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထို့ပြင် အထွေထွေအတွင်းရေးမှူးသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဗီယက်နမ် သံရုံးဝန်ထမ်းများ၊ ဗီယက်နမ်စီးပွားရေးအသိုက်အဝန်းမှ ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

၃။ တွေ့ဆုံဆွေးနွေးပွဲများ၌ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ မြန်မာနိုင်ငံခရီးစဉ်သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်မှတ်တိုင်တစ်ရပ်ဖြစ်ပြီး မြန်မာ-ဗီယက်နမ်ဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်သို့ မြှင့်တင်ပေးလိုက်သော ခရီးစဉ်တစ်ရပ်အဖြစ် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြပါသည်။

၄။ မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို နှစ်နိုင်ငံခေါင်းဆောင်တို့မှ နှစ်ထောင်းအားရစွာ အသိအမှတ်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံ၏ ပါတီအချင်းချင်းအကြား၊ လွှတ်တော်များအကြား၊ အစိုးရအချင်းချင်းအကြားနှင့် ပြည်သူအချင်းချင်းအကြား ဆက်ဆံရေးအပါအဝင် ကဏ္ဍစုံ၌ ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်သွားကြရန် နှစ်ဖက်ထပ်လောင်း အတည်ပြုခဲ့ကြပါသည်။

၅။ နှစ်နိုင်ငံဆက်ဆံရေးသည်အထူးကောင်းမွန်နေခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ ဖြစ်ပေါ်တိုးတက်မှု အနေအထားများအရ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်တည်ထောင်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြပါသည်။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးထူထောင်ခြင်း၏ရည်ရွယ်ချက်မှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်၊ နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေ၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို အပြန်အလှန်လေးစားမှုအပေါ် အခြေခံ၍ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုယန္တရားများအား ပိုမိုမြှင့်တင်ခိုင်မာလာစေရန်၊ လက်မှတ်ရေးထိုးပြီးသော သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့အတွက် အခွင့်အလမ်းအသစ်များ ရှာဖွေသွားရန်ဖြစ်ပါသည်။

၆။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး ထူထောင်ခြင်းသည် နိုင်ငံရေးဆက်ဆံမှု၊ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ လူမှုရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အခြားကဏ္ဍများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုစသည့် မဏ္ဍိုင်(၅)ရပ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပါသည်။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးအား အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံ ခေါင်းဆောင်များက အထက်ဖော်ပြပါ ကဏ္ဍ(၅)ရပ်တွင် ဖြစ်နိုင်ခြေရှိသည့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများကို ရှာဖွေသတ်မှတ်နိုင်ရန်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ယန္တရားများမှတစ်ဆင့် ပုံမှန်လေ့လာသုံးသပ်ခြင်းများ ဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်များပေးအပ်ရေးကို သဘောတူညီခဲ့ကြပါသည်။

၇။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးအပေါ် အခြေခံ၍ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်း၊ အဆင့်အသီးသီးမှ ပုဂ္ဂိုလ်အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းဖွဲ့စည်း၍ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ပြည်သူများအကြား ဆက်ဆံမှုခိုင်မာလာစေရန် ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံအကြားရှိ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများမှတစ်ဆင့် ဟိုချီမင်းမြို့နှင့် ရန်ကုန်မြို့အကြား ဆက်ဆံရေးများမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံအကြား နိုင်ငံရေးအရဆက်ဆံမှုများကို မြှင့်တင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြပါသည်။

၈။ နှစ်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာရန်နှင့် နှစ်နိုင်ငံစီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။ ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မရှင်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်တို့အပါအဝင် လက်ရှိပူးပေါင်းဆောင်ရွက်မှုယန္တရားများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံအစိုးရများအကြား လက်မှတ်ရေးထိုးထားသည့် စာချုပ်များနှင့် သဘောတူညီချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများမြှင့်တင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးဆောင်ရွက်သွားရန်အပြင် စိုက်ပျိုးရေး၊ သစ်တော၊ ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေးတို့ကိုလည်း ဦးစားပေးဆောင်ရွက်သွားရန် နှစ်ဖက်ကတိပြု ပြောကြားခဲ့ကြပါသည်။ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ပိုမိုထွန်းကားလာစေရန်၊ စီမံဆောင်ရွက်သွားရန် နှစ်ဖက်အသိအမှတ်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ဖြစ်နိုင်သမျှ အစောဆုံး တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန်လည်း နှစ်ဖက်သဘောတူညီခဲ့ပါသည်။

၉။ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်သည် မြန်မာနိုင်ငံရှိ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။

၁၀။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မြန်မာနိုင်ငံတွင် ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေသည်ကို အသိအမှတ်ပြုကြောင်း၊ ဗီယက်နမ် စီးပွားရေးလုပ်ငန်းများအတွက် ကောင်းမွန်သည့်အခြေအနေများ ဖန်တီးပေးမည် ဖြစ်ကြောင်းနှင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားအား စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၁၁။ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန်အတွက် ရန်ကုန်မြို့တွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်ခွဲ ဖွင့်လှစ်နိုင်ခဲ့ခြင်းကို နှစ်ဖက်မှ ကြိုဆိုခဲ့ပါသည်။ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဘဏ်ခွဲအနေဖြင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများအတွက် တိုက်ရိုက်ဘဏ်ဝန်ဆောင်မှု လုပ်ကိုင်ခွင့်ရရှိရန် တောင်းဆိုခဲ့ခြင်းအပေါ် မြန်မာဘက်မှ မှတ်သားခဲ့ပါသည်။

၁၂။ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် ဆက်သွယ်ရေး ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရန် သဘောတူညီခဲ့ကြပါသည်။ တယ်လီကွန် အင်တာနေရှင်နယ် မြန်မာ(မိုင်တယ်လ်) ကုမ္ပဏီလီမိတက်အား fiber optic နှင့် အခြားအခြေခံအဆောက်အအုံများ တည်ဆောက်အသုံးပြုသွားနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လိုင်စင်ပါ အချက်အလက်များနှင့်အညီ ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာဘက်မှ သဘောတူညီခဲ့ပါသည်။

၁၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်ဖက်အကျိုးရှိမည့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး သတင်းအချက်အလက်နှင့် အတွေ့အကြုံများမျှဝေခြင်း၊ ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများကို အကျိုးရှိရှိအသုံးပြု၍ နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားကြရန် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ ထို့ပြင် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးမူဝါဒဆွေးနွေးမှုယန္တရားနှင့် ပူးတွဲလုပ်ငန်းအဖွဲ့ယန္တရားများ ထူထောင်နိုင်ရေးအတွက် ဖြစ်နိုင်ခြေများကို စဉ်းစားဆောင်ရွက်ရန် အတည်ပြုပြောကြားခဲ့ကြပါသည်။

၁၄။ နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုများကို နှစ်ဖက်အသိအမှတ်ပြုခဲ့ကြပြီး နှစ်နိုင်ငံအကြား ရာဇဝတ်မှုတားဆီး ကာကွယ်ရေးနှင့် ပြစ်မှုတရားစီရင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် တရားဥပဒေမူဘောင်အား တိုးတက်ခိုင်မာစေရန် ညှိနှိုင်းမှုများအပါအဝင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန် သဘောတူခဲ့ကြပါသည်။

၁၅။ နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေမှု အထူးသဖြင့် အာဆီယံ၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တို့တွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နေမှုတို့အပေါ် အားရကျေနပ်မှုရှိကြောင်း ဖော်ပြခဲ့ကြပြီး အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က ဗီယက်နမ်နိုင်ငံမှ ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သည့်အဖွဲ့ဝင်(၂၀၂၀-၂၀၂၁)သက်တမ်းနေရာအတွက် ဝင်ရောက်အရွေးခံရာတွင် မြန်မာနိုင်ငံမှ ထောက်ခံမှုပေးရန် အဆင်သင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

၁၆။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုရှိနေသည့် မဲခေါင်မြစ်၏ အရင်းအမြစ်များကို စဉ်ဆက်မပြတ် အသုံးချစီမံခန့်ခွဲနိုင်ရေးနှင့် အာဆီယံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုတို့အပေါ် နှစ်ဖက်မှ ကြိုဆိုခဲ့ပါသည်။ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်က မြန်မာနိုင်ငံသည် မဲခေါင်မြစ် အရင်းအမြစ်များအား ကာကွယ်ရန်နှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ စီမံအသုံးချနိုင်ရန် မဲခေါင်မြစ်ကော်မရှင်တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်နေခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်မြစ်ကော်မရှင်သို့ ဝင်ရောက်ရေး စဉ်းစားပေးရန် ဗီယက်နမ်နိုင်ငံ၏ အကြံပြုချက်ကို မှတ်သားခဲ့ပါသည်။

၁၇။ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံမှုနှင့် တည်ငြိမ်မှုမြှင့်တင်ထိန်းသိမ်းနိုင်ရန်၊ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း အပါအဝင် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေမူများနှင့်အညီ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်သွားရန်နှင့် ခြိမ်းခြောက်ခြင်းနှင့် အင်အားအသုံးပြုခြင်းတို့ မပြုလုပ်ရန်နှစ်ဖက်မှ ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ တောင်တရုတ်ပင်လယ်အတွင်းနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် ကျင့်ထုံးများဆိုင်ရာ ကြေညာချက်အား အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံများလိုက်နာဆောင်ရွက်ရမည့် ကျင့်ထုံးများအား အတည်ပြုပြီးဖြစ်သည့် မူဘောင်အပေါ် အခြေခံ၍ ဆောလျင်စွာ အပြီးသတ်ရေးဆွဲနိုင်ရေးတို့အတွက် အားပေးထောက်ခံကြောင်း နှစ်ဖက်သဘောတူခဲ့ကြပါသည်။

၁၈။ ခရီးစဉ်အတွင်း အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်က ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးပျူငှာစွာ ကြိုဆိုဧည့်ခံခဲ့မှုများအတွက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် မြန်မာပြည်သူများအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က နိုင်ငံတော်သမ္မတဦးထင်ကျော်အား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ဗီယက်နမ်နိုင်ငံသို့ ထပ်မံလာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ ယင်းဖိတ်ကြားချက်များအတွက် မြန်မာနိုင်ငံ ခေါင်းဆောင်များက လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်။**

# မာရာဝီမြို့ရှိ အစိုးရတပ်ဖွဲ့များထံ သမ္မတ ဒူတာတေး တတိယအကြိမ်သွားရောက်



**မနီလာ ဩဂုတ် ၂၅**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ အကြမ်းဖက်သမားများ လက်အောက်သို့ ကျရောက်နေသည့် မာရာဝီမြို့ကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် စစ်ဆင်နွှဲတိုက်ခိုက်နေသည့် အစိုးရတပ်ဖွဲ့ဝင်များထံသို့ ဩဂုတ် ၂၄ ရက်တွင် သမ္မတ ရိုဒရစ်ဂိုဒူတာတေး သွားရောက်ခဲ့ပြီး နှစ်နာရီကြာမျှ စစ်သည်များနှင့်အတူ ရှိနေခဲ့ကြောင်း၊ မာရာဝီမြို့တွင်း၌ စစ်သွေးကြွ ၅၀ ခန့်ကျန်ရှိနေဆဲဖြစ်ကြောင်း ယနေ့ ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

မာရာဝီမြို့ရှိ အစိုးရတပ်ဖွဲ့များထံသို့ သမ္မတဒူတာတေး သွားရောက်မှုမှာ ယခုအကြိမ်အထိ သုံးကြိမ်ရှိပြီဖြစ်သည်။ မာရာဝီမြို့ကို အကြမ်းဖက်သမားများက ယခုနှစ် မေ ၂၃ ရက်တွင် သိမ်းယူခဲ့ပြီးနောက် အစိုးရတပ်ဖွဲ့များနှင့် အကြမ်းဖက်သမားများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၈၀၀ နီးပါးသေဆုံးခဲ့ရပြီး ၎င်းတို့အနက် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၉ ဦး၊ စစ်သွေးကြွ ၅၉၅ ဦးနှင့် အရပ်သား ၄၅ ဦးတို့ပါဝင်သည်။

ဖိလစ်ပိုင်သမ္မတဒူတာတေးသည် ဩဂုတ် ၂၄ ရက် ညနေ ၄ နာရီခန့်တွင် မာရာဝီမြို့ရှိ အစိုးရတပ်ဖွဲ့ဝင်များထံ ရောက်ရှိလာခဲ့ပြီး စစ်သည်များနှင့်အတူ နှစ်နာရီခန့်အတူရှိနေခဲ့ကြောင်း မာရာဝီမြို့၌ တာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးကြီး ရိုဟီရိုဘရာဝမ်နာက ပြောကြားသည်။ **ဆင်ဟွာ။**



## ယင်လတ်အား ဖမ်းဆီးရန် ဝရမ်းထုတ်၊ ထွက်ပြေးလွတ်မြောက်ဟု ယူဆ

**ဗန်ကောက် ဩဂုတ် ၂၅**
ထိုင်းနိုင်ငံတရားရုံးချုပ်က ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ထရာအား ဖမ်းဆီးရန် ဝရမ်းထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ထရာ အနေဖြင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခြင်းခံရနိုင်ဖွယ်ရှိသည့် ပြစ်မှုတစ်ခုနှင့်ပတ်သက်ပြီး ဩဂုတ် ၁၈ ရက်က ဂျူရီတရားသူကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကြားနာရန် တရားခွင်သို့ လာရောက်ရင်ဆိုင်ခဲ့ခြင်းမရှိသည့်အတွက် နိုင်ငံတော်တရားရုံးချုပ်က ဝန်ကြီးချုပ်ဟောင်းအား ဖမ်းဆီးရန် ဝရမ်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ထရာသည် ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် ထိုင်းနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ်တစ်ဦးဖြစ်သည်။ သို့သော် လယ်သမားများအား အမတော်ကြေးငွေများပေးသော အစီအစဉ်တစ်ရပ်နှင့် ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာမှုရှိနေသည်ကို လျစ်လျူရှုထားသည်ဟု စွပ်စွဲခြင်းခံခဲ့ရသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး တရားရင်ဆိုင်နေရသည်။

ဝန်ကြီးချုပ်ဟောင်းသည် တရားခွင်သို့လာရောက်ခြင်းမရှိသည့်အတွက် နိုင်ငံရပ်ခြားတစ်နေရာရာသို့ ရောက်ရှိနိုင်ဖွယ်ရှိသည်ဟု ထင်ကြေးများ မြင့်တက်လာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းနှင့်ပတ်သက်ပြီး ဂျူရီတရားသူကြီးများ၏ ဆုံးဖြတ်ချက်ချမှတ်မှုကို တရားရုံးချုပ်က စက်တင်ဘာ ၂၇ ရက်သို့ ပြန်လည်ရက်သတ်မှတ်ပေးခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းယင်လတ်၏ ရှေ့နေက ၎င်းနှင့် ဝန်ကြီးချုပ်ဟောင်းတို့ ဩဂုတ် ၁၇ ရက်နံနက်ပိုင်းကစပြီး အဆက်အသွယ်မရရှိခဲ့ကြောင်းနှင့် ယခုအချိန်တွင် ဝန်ကြီးချုပ်သည် ထိုင်းနိုင်ငံအတွင်း ရှိ၊ မရှိဆိုသည်ကို ၎င်းအနေဖြင့် မသိရှိပါကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ထရာ၏ အစ်ကိုတော်စပ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ၎င်းသည် ၂၀၀၈ ခုနှစ်တွင် ဂျူရီတရားသူကြီးများ၏ ဆုံးဖြတ်ချက်ကို မကြားနာမီ နိုင်ငံရပ်ခြားသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ထရာသည် နိုင်ငံရပ်ခြားသို့ ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်ကြောင်း ပြည်သူအချို့က ထင်ကြေးပေးကြသည်။ **အင်န်အိတ်ချ်ကေ။**

## ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်ခံရ

**ဆိုးလ် ဩဂုတ် ၂၅**
တောင်ကိုရီးယားနိုင်ငံရှိ မိသားစုပိုင် စီးပွားရေးလုပ်ငန်းကြီးများအနက် အကြီးဆုံးလုပ်ငန်းဖြစ်သော ဆမ်ဆောင်းအုပ်စု၏ အမွေဆက်ခံမည့်သူ ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီ၏ဒုတိယဥက္ကဋ္ဌ လီဂျေယောင်းကို တရားရုံးတစ်ရုံးက ဩဂုတ် ၂၅ ရက်တွင် ထောင်ဒဏ်ငါးနှစ်ကျခံစေရန် စီရင်ချက်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လီသည် လာဘ်ပေးလာဘ်ယူပြုလုပ်မှု၊ အလွဲသုံးစားပြုလုပ်မှု၊ ပြစ်မှုကျူးလွန်ခဲ့မှုကို ဖုံးကွယ်မှု၊ ပင်လယ်ရပ်ခြားသို့ ရန်ပုံငွေတရားမဝင် လွှဲပြောင်းပေးမှုနှင့် တရားရုံးတော်တွင် မမှန်မကန်ထွက်ဆိုမှုတို့ဖြစ်သည့် ပြစ်မှုငါးမှုကို ကျူးလွန်ခဲ့သည်ဟု ပြစ်မှုထင်ရှား တွေ့ရှိရသည်။

ဂျူရီအဖွဲ့က စီရင်ချက်ကို ဖတ်ကြားပြီးနောက် ဆမ်ဆောင်း အမှုဆောင်အရာရှိချုပ်ဟောင်းနှစ်ဦးမှာ ထောင်ဒဏ်လေးနှစ်စီ ပြစ်ဒဏ်ချမှတ်ခံရပြီး တရားခွင်အတွင်းမှာပင် ၎င်းတို့ကို ဖမ်းဆီးခဲ့သည်။

၎င်းအပြင် အမှုဆောင်အရာရှိဟောင်းနှစ်ဦးမှာလည်း ထောင်ဒဏ်သုံးနှစ်နှင့် နှစ်နှစ်ခွဲ ဆိုင်းငံ့ပြစ်ဒဏ်များ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားရင်ဆိုင်နေရသော တောင်ကိုရီးယားသမ္မတဟောင်း ပက်ဂွန်ဟေး၏ လူယုံတော် ချွိုင်ဆွန်းစီကို လာဘ်ပေးခဲ့မှုနှင့် ၂၀၁၅ ခုနှစ်တွင် ချွိုင်၏သမီးအတွက် ရန်ပုံငွေထောက်ပံ့ပေးခဲ့ခြင်းအတွက် ဆမ်ဆောင်း၏ လက်ရှိအကြီးအကဲ လီကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ သမ္မတဟောင်းပတ်မှာ ယခုအခါ ထိန်းသိမ်းခံထားရပြီး အဂတိလိုက်မှု အရှုပ်တော်ပုံအရ ရုံးတင်စစ်ဆေးခံရမည့် နေ့ရက်ကို စောင့်ဆိုင်းလျက်ရှိသည်။

လီသည် လွန်ခဲ့သောသုံးနှစ်က ဖခင်ဖြစ်သူ ဆမ်ဆောင်းဥက္ကဋ္ဌ နှလုံးရောဂါခံစားခဲ့ရပြီးချိန်ကတည်းမှစ၍ လုပ်ငန်းအကြီးအကဲအဖြစ် တာဝန်ယူလာခဲ့သူဖြစ်သည်။

ယခုအမှုသည် နိုင်ငံရေးသမားများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ကျင့်ဝတ်အရ မလျော်မကန်သော ဆက်နွှယ်မှုရှိပုံကို ဖော်ပြနေကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



## ဂျီစီစီနိုင်ငံများနှင့် တင်းမာမှုဖြစ်ပေါ်နေစဉ် အီရန်နှင့် သံတမန်ဆက်ဆံရေး ကာတာမြှင့်တင်

**ဒူဘိုင်း ဩဂုတ် ၂၅။** ။ အီရန်နိုင်ငံ၌ မိမိတို့၏ သံအမတ်ကြီးအား ပြန်လည်ထားရှိရန် ဆုံးဖြတ်လိုက်ကြောင်း ကာတာအစိုးရအဖွဲ့၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာတာနိုင်ငံသည် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဆော်ဒီအာရေဗျ၊ ဘာရိန်းနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့နှင့် သံတမန်ရေးအရ အငြင်းပွားမှုဖြစ်ပေါ်နေချိန်တွင် အီရန်နိုင်ငံသို့ သံအမတ်ကြီးတစ်ဦးအား ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ကာတာနိုင်ငံသည် အကြမ်းဖက်မှုကို ထောက်ခံအားပေးသည်ဟုဆိုကာ ဖော်ပြပါနိုင်ငံများနှင့် အီဂျစ်နိုင်ငံတို့က သံတမန်ရေးအရ အကျပ်ကိုင်မှုပြုလုပ်ထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ရှီးယိုက်ဘာသာရေးခေါင်းဆောင်တစ်ဦး ကွပ်မျက်ခံခဲ့ရခြင်းအတွက် အီရန်နိုင်ငံ၌ ဆန္ဒပြပွဲများဖြစ်ပွားစဉ်အတွင်း ဒေါသထွက်နေသော ဆန္ဒပြသမားများက ဆော်ဒီအာရေဗျ၏ သံတမန်ဆိုင်ရာရုံးများအား ဖျက်ဆီးမှုများပြုလုပ်ခြင်းကို ကန့်ကွက်သည့်အနေဖြင့် ကာတာနိုင်ငံက ယင်း၏ သံအမတ်ကြီးကို အီရန်နိုင်ငံမှနေ၍ ပြန်လည်ခေါ်ယူခဲ့ပြီးနောက် လပေါင်း ၂၀ ကျော်အကြာတွင် သံတမန်ဆက်ဆံရေးအဆင့် ပြန်လည်မြှင့်တင်ခြင်းဖြစ်သည်။ **ရိုက်တာ။**

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ဒီရေတောများထိန်းသိမ်းရေး လျှပ်စစ်ဓာတ်အားရရှိရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် International Panel on Climate Change (IPCC) ဥက္ကဋ္ဌဟောင်းနှင့် Energy Farm International Foundation ဥက္ကဋ္ဌ Dr.R.K. Pachauri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဒီရေတောများထိန်းသိမ်းရေး၊ ကျေးလက်ဒေသများ၌ လျှပ်စစ်ဓာတ်အားရရှိရေး စသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

■

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သဘောထားမှတ်ချက်များအတိုင်း ပြည်ထောင်စုအစိုးရသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်ကဆုံးဖြတ်



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍** ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သဘောထားမှတ်ချက်များအတိုင်း ပြည်ထောင်စုအစိုးရသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး (ခေါ်) ဦးအတွတ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်တို့က ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြကာ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် **၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ရငွေတွင် ပြုပြင်ပြီးခန့်မှန်းခြေမှာ ငွေကျပ် ၁၇၀၉၅ ဒသမ ၃၉၆ ဘီလီယံဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ငွေကျပ် ၁၆၅၄၂ ဒသမ ၇၀၅ ဘီလီယံဖြစ်သဖြင့် ၉၆ ဒသမ ၇၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သုံးငွေအပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေမှာ ငွေကျပ် ၂၁၁၀၅ ဒသမ ၅၉၀ ဘီလီယံဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ငွေကျပ် ၁၈၆၀၅ ဒသမ ၃၈၅ ဘီလီယံဖြစ်သည့်အတွက် ၈၈ ဒသမ ၁၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန(၂၂)ခု၏ ရငွေတွင် ပြုပြင်ပြီး ခန့်မှန်းခြေမှာ ငွေကျပ် ၈၉၁၀ ဒသမ ၁၃၆ ဘီလီယံဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ငွေကျပ် ၈၈၂၇ ဒသမ ၄၃၄ ဘီလီယံ ဖြစ်သည့်အတွက် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သုံးငွေအပိုင်းတွင် ပြုပြင်ပြီးခန့်မှန်းခြေငွေကျပ် ၁၂၄၅၇ ဒသမ ၄၇၀ ဘီလီယံတွင် အကောင်အထည်ဖော်မှုမှာ ငွေကျပ် ၁၁၀၈၉ ဒသမ ၄၅၉ ဘီလီယံဖြစ်သည့်အတွက် ၈၉ ဒသမ ၀၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း(၇)ခု၏ ရငွေတွင် ပြုပြင်ပြီးခန့်မှန်းခြေ ငွေကျပ် ၆၂၉၄ ဒသမ ၆၈၃ ဘီလီယံအပေါ် အကောင်အထည်ဖော်မှုပမာဏမှာ ငွေကျပ် ၅၉၁၂ ဒသမ ၈၁၉ ဘီလီယံဖြစ်သည့်အတွက် ၉၃ ဒသမ ၉၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စုသုံးငွေတွင် ပြုပြင်ပြီးခန့်မှန်းခြေမှာ ငွေကျပ် ၆၈၃၅ ဒသမ ၂၆၁ ဘီလီယံအပေါ် အကောင်အထည်ဖော်နိုင်မှုမှာ ငွေကျပ် ၅၈၄၂ ဒသမ ၅၆၄ ဘီလီယံဖြစ်သည့်အတွက် ၈၅ ဒသမ ၄၈ ရာခိုင်နှုန်း သုံးစွဲခဲ့ပါကြောင်း။

ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ရငွေတွင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ် နှစ်ပတ်လည်အကောင်အထည်ဖော်နိုင်မှု နှိုင်းယှဉ်ချက်များမှာ ရငွေအပိုင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လကုန်အထိ ငွေကျပ် ၁၆၅၄၂ ဒသမ ၇၀၅ ဖြစ်ပြီး သာမန်အသုံးစရိတ်တွင် ငွေကျပ် ၁၅၆၁၉ ဒသမ ၉၂၉ ဘီလီယံဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ငွေကျပ် ၂၃၄ ဒသမ ၄၃၃ ဘီလီယံဖြစ်ပြီး ကြွေးမြီအနေဖြင့် ငွေကျပ် ၆၈၈ ဒသမ ၃၄၃ ဘီလီယံဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခု စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် စုစုပေါင်းရငွေသည် ငွေကျပ် ၂၅၃ ဒသမ ၇၀၇ ဘီလီယံ ပိုမိုရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၅၆ ရာခိုင်နှုန်း ပိုမိုရရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့ ပိုမိုရခြင်း၏ အဓိကအကြောင်းများမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှကောက်ခံသည့် အထူးကုန်စည်ခွန်သည် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်သည့် အထူးကုန်စည်ခွန်ဥပဒေနှင့်အညီ သတ်မှတ်အထူးကုန်စည်များအပေါ် ထိထိရောက်ရောက် ကောက်ခံနိုင်ခြင်းနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေတွင် အရက်၊ စီးကရက်၊ ဝိုင်တို့အပေါ် ပုံသေနှုန်းဖြင့် အခွန်နှုန်းသတ်မှတ်ကောက်ခံနိုင်ခဲ့ခြင်း၊ အကောက်ခွန်တွင် ယခင်နှစ်ထက် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပုံမှန်ကုန်သွယ်မှု ပိုမိုလာသဖြင့် အခွန်ရငွေပိုမိုရရှိခြင်းနှင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် မှတ်ကောင်ဝတ်ဆံသွင်းသည့်အခွန်၊ ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေးများ ပိုမိုကောက်ခံရရှိခဲ့ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

သုံးငွေတွင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အကောင်အထည်ဖော်နိုင်မှု နှိုင်းယှဉ်ပါက သုံးငွေအပိုင်းတွင် ဧပြီလမှ မတ်လကုန်အထိ ငွေကျပ် ၁၈၆၀၅ ဒသမ ၃၈၅ ဘီလီယံဖြစ်ပြီး သာမန်အသုံးစရိတ်အနေဖြင့် ငွေကျပ် ၁၄၂၀၁ ဒသမ ၇၉၄ ဘီလီယံဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ငွေကျပ် ၃၈၅၇ ဒသမ ၉၂၇ ဘီလီယံဖြစ်ပြီး ကြွေးမြီအနေဖြင့် ငွေကျပ် ၅၄၅ ဒသမ ၆၆၄ ဘီလီယံဖြစ်ကြောင်း။

သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ ခု သုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် စုစုပေါင်းသုံးငွေသည် ငွေကျပ် ၈၃၈ ဒသမ ၉၇၄ ဘီလီယံ လျော့နည်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ငွေကျပ် ၄ ဒသမ ၃၁ ရာခိုင်နှုန်း လျော့နည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းသို့လျော့နည်းရခြင်း၏ အဓိကအကြောင်းအရင်းများမှာ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထားရာတွင် စီမံကိန်းများတွင် ဦးစားပေးအဆင့်ခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပစ္စည်းဝယ်ယူမှုများကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စိစစ်လျာထား၍ အသုံးစရိတ်များကို ခွဲဝေလျာထားပေးခဲ့ခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရာတွင် တင်ဒါခေါ်ယူပြီး ပိုငွေများနှင့် ရန်ပုံငွေလွှဲပြောင်းခြင်း ပြုလုပ်သောကိစ္စရပ်များကို ထပ်မံလွှဲပြောင်းခြင်း မပြုရန်နှင့် Luxury ပစ္စည်းများ ဝယ်ယူရန်အတွက် လွှဲပြောင်းသုံးစွဲခြင်း မပြုရန် ညွှန်ကြားချက်များထုတ်ပြန်၍ စနစ်တကျစိစစ်ခြင်းနှင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများဖြင့် သုံးစွဲမည့် အသုံးစရိတ်အချို့ လျော့နည်းသုံးစွဲခြင်းကြောင့် လျော့နည်းသုံးစွဲရခြင်းဖြစ်ကြောင်း။

ယခုတင်ပြသည့် နှစ်ပတ်လည်ရငွေနှင့် အသုံးစရိတ်များသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးချိန်တွင် ကောက်ယူရရှိသည့် ယာယီအရ အသုံးစာရင်းများသာဖြစ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးအတည်ပြုပြီးသည့် အမှန်စာရင်းများရရှိလာပါက ၎င်းအမှန်စာရင်းများအပေါ် ထပ်မံသုံးသပ်တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် **အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၀/၂၀၁၇)ကို** အဖွဲ့ဝင် ဦးမာန်လောမောင်းက လည်းကောင်း၊ **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁၁/၂၀၁၇)ကို** တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်သန်းက လည်းကောင်း ဖတ်ကြားတင်ပြကြသည်။


ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

■

# စာပေဗိမာန်မှသည်

**တက္ကသိုလ်တင်ခ**




"စာပေဗိမာန်"

"အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော ဝေါဟာရ ဆောင်ပုဒ်စကားစုတို့သည် နှစ်ပေါင်းကြာရှည်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် မမေ့နိုင်ကြသေးပေ။

**စာပေဗိမာန်**

၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် နိုင်ငံခြားဘာသာဖြင့် ပြုစုရေးသားသော စာအုပ်များအနက် အသိပညာတိုးပွားစေမည့်စာအုပ်များကို ဘာသာပြန်ရန် တိုင်းရင်းဘာသာဖြင့် ပြုစုရေးသားထားသော စာအုပ်များမှ စံချိန်မီစာအုပ်များကို နိုင်ငံခြားဘာသာသို့ပြန်ရန်၊ မြန်မာမှု မြန်မာစာပေများ ပြုစုရန်ဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို တည်ထောင်ဖွဲ့စည်းခဲ့ပေသည်။

ထိုအသင်းသည် ကိုလိုနီခေတ် နဂါးနီစာအုပ်အသင်းကို ဆက်ခံသောအသင်းတည်ရာ အဆောက်အအုံအဖြစ် ပြည်လမ်း "ဆိုရန်တိုဖီလာ" အဆောက်အအုံကို သတ်မှတ်ပြီး ထိုအဆောက်အအုံကို "စာပေဗိမာန်" ဟု အမည်ပေးခဲ့ကြပေသည်။ သို့ဖြင့် နောင်သောအခါတွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသည် "စာပေဗိမာန်"ဟူ၍ တွင်လာခဲ့ခြင်းဖြစ်ပေသည်။

အသင်းတည်ထောင်စတွင် အစိုးရဌာနသဘောမဟုတ်ဘဲ လွတ်လပ်သော အသင်းတစ်ခုအဖြစ် တည်ထောင်ခဲ့ပေသည်။ အသင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ အုပ်ချုပ်မှုကောင်စီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ အသင်းတိုက်ကို ဂျပ်ဆင်ကောလိပ်ဝင်းအတွင်း အိမ်တစ်ဆောင်တွင် ယာယီဖွင့်လှစ်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ယင်းအသင်းကို စာပေဗိမာန်ဟုခေါ်ဝေါ်ကာ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ အစိုးရဌာနတစ်ခုအဖြစ် သတ်မှတ်ခဲ့ပေသည်။ ထိုအသင်းသည် ၁၉၄၉ ခုနှစ်မှစ၍ စွယ်စုံကျမ်းကိုပြုစုခဲ့ရာ ၁၉၇၇ ခုနှစ်အထိ စွယ်စုံကျမ်းအပြည့်အစုံ ၁၅ တွဲကို ထုတ်ဝေခဲ့သည်။ နှစ် ၅၀ စာစဉ်၊ လူထုသိပ္ပံကျောင်း၊ ကျောင်းသုံးစာအုပ်များနှင့် လူထုလက်စွဲစာအုပ်များကို ထုတ်ဝေခဲ့သည်။

စာပေဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ စာပေပြပွဲများပြုလုပ်၍ စာပေဆုများကို ချီးမြှင့်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်မှစ၍ စာအုပ်အသင်းကို တည်ထောင်ခဲ့သည်။ ယခုအခါ စာပေလုပ်ငန်းလုပ်ကိုင်သော ဌာနကြီးတစ်ခုအဖြစ် ထင်ထင်ရှားရှား ရပ်တည်လျက်ရှိပေသည်။

**စာပေဗိမာန်အဖွဲ့**

စာပေဗိမာန်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် တည်ထောင်ခဲ့သော "မြန်မာနိုင်ငံဘာသာပြန်အသင်း" (Burma Translation Society)မှ ဆင်းသက်လာသော စာပေထုတ်ဝေရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ စာပေဗိမာန် (Sarpay Beik Management Board)ဟူ၍လည်း ခေါ်တွင်ခဲ့သေးသည်။ "စာပေဗိမာန်" ဟူ၍ကား ပိုမိုထင်ရှား လူသိများတွင်ကျယ်ကာ နှုတ်ကျိုးရေပန်းစားလျက်ရှိသည်။

စာပေဗိမာန်သည် ယခင်က အစိုးရအဖွဲ့အစည်းတစ်ခုမဟုတ်ခဲ့ပေ။ သီးခြားစာအုပ်ထုတ်ဝေရေး အဖွဲ့အစည်းတစ်ရပ်သာဖြစ်ခဲ့သည်။ သို့သော် အစိုးရ၏ ထောက်ပံ့ငွေကို ရယူလက်ခံခြင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ကြခြင်းကြောင့် အစိုးရအဖွဲ့အစည်းတစ်ခုနှင့်မခြား ဖြစ်ခဲ့သည်။ စာပေဗိမာန်၏ ကျယ်ပြန့်သောလုပ်ငန်းများအနက် စာပေဗိမာန်မဂ္ဂဇင်း (၁၉၅၈ ခုနှစ်တွင် ရပ်နားခဲ့)၊ မြန်မာ့စွယ်စုံကျမ်းများ(အမှတ် ၁ မှ ၁၅)၊ မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ်၊ လူထုသိပ္ပံကျမ်းများ၊ နှစ်ငါးဆယ်ရေးရာပြည်သူ့လက်စွဲစာအုပ်များ၊ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်းတို့ ပါဝင်သည်။

စာပေဗိမာန်မှ သုတပဒေသာစာစောင်(သုံးလတစ်ကြိမ်)၊ ရွှေသွေးဂျာနယ်(အပတ်စဉ်)တို့ကိုပါ ထုတ်ဝေလျက်ရှိပေသည်။

စာပေဗိမာန်စာကြည့်တိုက်နှင့် စာတည်းဌာန၊ ရည်ညွှန်းစာကြည့်တိုက်များရှိပေသည်။

စာပေဗိမာန်အသင်းကို ၁၉၆၀ ပြည့်နှစ်မှ စတင်တည်ထောင်ကာ ပြည်သူအများ စာပေဝါသနာ၊ စာဖတ်ဝါသနာတိုးပွားရေးကို အားပေးဆောင်ရွက်လျက်ရှိနေပေသည်။

စာပေပြန့်ပွားရေး၊ စာအုပ်လုပ်ငန်းတိုးတက်ရေးတို့အတွက် စာပေဆိုင်ရာ နှီးနှောဖလှယ်ပွဲများကိုလည်း အခါအားလျော်စွာ ဦးဆောင်ပြုလုပ်ပေးလျက်ရှိပေသည်။

အမျိုးသားစာပေတိုးတက်ရေးအတွက် 'အမျိုးသားစာပေဆု'နှင့် 'စာပေဗိမာန်စာမူဆု'များကို နှစ်စဉ်ဆုချီးမြှင့်ပေးလျက်ရှိပေသည်။

**စာပေဗိမာန်အသင်း**

စာပေဗိမာန်အသင်းများတည်ထောင်၍ စာဖတ်ပရိသတ်တိုးပွားရေးကို ဆောင်ရွက်သော အစဉ်အလာသည် အနောက်နိုင်ငံစာအုပ်လောက၌ ရှိနေခဲ့ပြီဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းဆဲကာလတွင် "နဂါးနီစာအုပ်အသင်း"ဖြင့် စာအုပ်အသင်းတည်ထောင်ခြင်းစနစ်ကို အစပျိုးခဲ့သည်မှာ သမိုင်းဝင်စာပေလှုပ်ရှားမှု တစ်ရပ်ဖြစ်ခဲ့ပေသည်။ စာပေဗိမာန်စာအုပ်အသင်းသည် နဂါးနီစာအုပ်အသင်း နောက်ပိုင်းတွင် မြန်မာ့စာပေလောက၌ အအောင်မြင်ဆုံး၊ အကျိုးသက်ရောက်မှုအရှိဆုံးဆိုရမည့် တစ်ခုတည်းသော စာအုပ်အသင်းဖြစ်ပေသည်။ စာပေဗိမာန်အသင်းကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း (ယခု ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းဦးစီးဌာန)စာပေဗိမာန်အဖွဲ့၏ လက်အောက်တွင် ၁၉၆၀ ပြည့်နှစ် ဇူလိုင်လမှ စတင် တည်ထောင်ခဲ့သည်။ တည်ထောင်သည့်ကာလတွင် အသင်းဝင် ၁၅၄၆ ဦးသာရှိခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အသင်းဝင်ပေါင်း ၃၀၀၀၀ ခန့် ရှိနေပြီဖြစ်ပေသည်။

စာအုပ်အသင်း၏ အဓိကရည်ရွယ်ချက်မှာ စာဖတ်ပရိသတ်အတွက် အကျိုးရှိစေမည့် သုတ၊ ရသစာပေများကို ဈေးအသက်သာဆုံးဖြန့်ချိခြင်းဖြင့် စာဖတ်ဝါသနာအိုးများ တိုးပွားလာစေရန်ဖြစ်ပေသည်။

မူလက စာအုပ်အသင်း နှစ်စဉ်ကြေးမှာ ၁၀ ကျပ်သာဖြစ်သဖြင့် စက္ကူဈေးနှင့် ထုတ်လုပ်မှုစရိတ် ကြီးမြင့်လာသောကြောင့် ၁၉၇၆ ခုနှစ် ဇွန်လမှစ၍ အသင်းနှစ်စဉ်ကြေးကို ၁၂ ကျပ်သို့ တိုးမြှင့်ခဲ့ကြောင်း သိရှိရပေသည်။

နယ်အသင်းဝင်များထံသို့ လစဉ်စာအုပ်တစ်အုပ်ကျစီ စာတိုက်မှပေးပို့သည်။ ရန်ကုန်အသင်းဝင်အများစုမှာမူ စာအုပ်များကို ကိုယ်တိုင်လာရောက် ထုတ်ယူကြသည်။ တစ်နှစ်လုံးအတွက် စာအုပ်တန်ဖိုးမှာ အနည်းဆုံး ၂၅ ကျပ်ရှိခဲ့ကြောင်း ၁၉၇၆ ခုနှစ် ဝန်းကျင်ခန့်က ခန့်မှန်းတွက်ဆ သိရှိရပေသည်။ ထိုစာအုပ်များကို စာအုပ်ဆိုင်သို့မဖြန့်မီ အသင်းဝင်များထံသို့ ပေးပို့ခြင်းဖြစ်၍ ဦးဦးဖျားဖျားဖတ်ရှုခွင့်ရရှိခဲ့ကြသည်။ ထို့ပြင် စာအုပ်အသင်းဝင်တိုင်း စာပေဗိမာန်ထုတ် ရည်ညွှန်းကျမ်းများကို ၂၅ ရာခိုင်နှုန်းလျှော့ဈေးဖြင့် တစ်မျိုးလျှင်တစ်အုပ် ကျဝယ်ယူနိုင်ခွင့်ရရှိခဲ့ကြောင်း သတင်းကောင်းကြားသိ မှတ်ကြားရပေသည်။

**အမှောင်ခွင်း၍အလင်းဆောင်အံ့**

"အမှောင်ခွင်း၍အလင်းဆောင်အံ့" ဟူသောဆောင်ပုဒ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး အသိပညာပေးစာအုပ်စာတမ်းများကို ပြုစုထုတ်ဝေနေသည့် 'စာပေဗိမာန်'သည် တည်ထောင်သည့်အချိန်မှ ယခုတိုင် ပြည်သူ့နား၊ မျက်စိတို့ကို အမှောင်ခွင်း၍အလင်းဆောင်နိုင်ခဲ့သည်မှာ နှစ် (၇၀) ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပေသည်။

ထိုသို့ အမှောင်ခွင်း၍အလင်းဆောင်ကာ ပြည်သူ့ရှေ့မှောက်အရောက် ဗဟုသုတပို့ဆောင်နိုင်ခြင်းမှာ မြန်မာ့စွယ်စုံဌာန၊ လူထုသိပ္ပံဌာန၊ ကျောင်းသုံးစာအုပ်ဌာန၊ စာပေဗိမာန်မဂ္ဂဇင်းဌာနဟူ၍ ပြုစုတည်းဖြတ်မှုဆိုင်ရာ ဌာနကြီးလေးခု၏ အစဉ်တစိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၉၆၀ ပြည့်နှစ်မှစ၍ စာပေဗိမာန်စာအုပ်အသင်းကို တည်ထောင်နိုင်ခဲ့ပြီး စာပေဗိမာန်စာမူဆုပြိုင်ပွဲကို နှစ်စဉ်ကျင်းပပြုလုပ်နိုင်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပေသည်။ ယခုအခါ ကျေးရွာအရောက် စာကြည့်တိုက်များဖွင့်လှစ်ပေးခဲ့သည်မှာ အမှောင်ခွင်း၍ အလင်းဆောင်ခဲ့သည့်ခရီးသည် အောင်မြင်မှုပန်းတိုင်သို့ပင် ရောက်လုနီးပါးဖြစ်နေပေပြီ။ မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သော ကျေးလက်ပြည်သူများကို စာအုပ်၊ စာနယ်ဇင်းများနှင့် ထိတွေ့ရင်းနှီးစေပြီး စာဖတ်ဝါသနာပါလာရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးကို ဆက်လက်ရှေးရှုဆောင်ရွက်နိုင်ရန် အချိန်တန်ပေပြီ။

"စာပေဗိမာန်"စာကြည့်တိုက်မှသည် စာကြည့်တိုက်များအားလုံး ရေရှည်ရပ်တည်ရေး၊ အမျိုးသားစာဖတ်အားမြှင့်တင်ရေးတို့အတွက် နိုင်ငံတော်ကိုချည်းအားကိုး၍ မရနိုင်ပေ။ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များပါ ငွေအား၊ စေတနာအားဖြင့် ပြည်သူ့အလင်းဆောင်ရန် အချိန်တန်ပြီဟု တိုက်တွန်းလိုပေပြီ။

ထို့ကြောင့်ပင် စာကြည့်တိုက်သစ်များ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းများကို ငွေအား၊ လူအား၊ စေတနာ စွမ်းအားဖြင့် ထွန်းကားပေါ်ပေါက်ရေးသည် အရေးတကာထက် အရေးကြီးဆုံးပင်ဖြစ်နေပေသည်။ 'စာပေဗိမာန်'၏ အမှောင်ခွင်း၍အလင်းဆောင်အံ့ဆောင်ပုဒ်မှသည် မြန်မာ့ကျေးလက်ရှေ့ထက် ပိုမိုတိုးတက်လာရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာဖတ်သူများ ဖောင်ဒေးရှင်းစာပေအလင်းရောင် အမှောင်ခွင်းလာမည့်ကာလသည် မဝေးတော့ပြီဖြစ်ကြောင်း ထပ်လောင်းဖော်ညွှန်းမော်ကွန်းတင်အပ်ပေသည်။ ။

## မြန်မာယူ-၂၂ ဘောလုံးသူရဲကောင်းများသို့

☆ မြန်မာ့ဘောလုံး၊ ရွှေဘောလုံးခေတ်
ဟိုတစ်ခေတ်က၊ ဖြစ်ခဲ့သေးတယ်
ကြိုးစားမယ်ဆို၊ ဘာမဆိုဖြစ်နိုင်
ပြိုင်ပွဲဟူသည်၊ ရှုံးသည်လည်းရှိ
နိုင်သည်ရှိမြဲ၊ သဘာဝပဲမို့
လေးပွဲယှဉ်ပြိုင်၊ သုံးပွဲနိုင်ခဲ့
မြန်မာရဲ့အောင်မြင်မှု၊ အသိအမှတ်ပြု၍
အကြိုဗိုလ်လုပွဲ၊ အောင်ပွဲမှချ
ရစေရမည်၊ တို့ယုံကြည်၏
ချန်ပီယံလောင်း၊ မြန်မာသူရဲကောင်းတွေကို
သောင်းသောင်းဖြဖြ၊ အားပေးကြစို့။

☆ ကျားကုတ်ကျားခဲ၊ မြန်မာ့ဇွဲဖြင့်
အောင်ပွဲခံကြ၊ မြန်မာ့ဂုဏ်မြှင့်
နိုင်ငံနှင့်လူမျိုး၊ အဆင့်ဆင့်တိုး၍
တန်ဖိုးကြီးစွာ၊ ထိန်းသိမ်းလာသည့်
သတ္တိနှင့် ပညာ၊ ယှဉ်တွဲကာသုံး
တစ်နိုင်ငံလုံးက၊ အုန်းအုန်းကျွက်ကျွက်
တစ်ခဲနက်ခြိမ့်ညံ၊ အားပေးသံတွေ
နဘန်မိုးသို့ တိုင်လေပြီ။

☆ တိုင်းပြည်အတွက်၊ ပေးဆပ်ခွန်အား
နိုင်ငံကြီးသားပီသ၊ ခြေစွမ်းတွေပြခဲ့
မြန်မာ့အားသစ်၊ ယူ-၂၂ ကို
ကြိုဆိုဂုဏ်ပြု၊ ပြည်ထောင်စုအလုံး
တစ်မျိုးသားလုံးပဲ၊ အောင်ပွဲဆင်ရန်
မိုးလုံးညံမျှ...
အားပေးနေကြပြီ ပြည်သူများ။ ။

**ဟံသာတမြင့်ငွေ**

[ဆီးဂိမ်းဖိုင်နယ်ရောက် မြန်မာယူ-၂၂ ဘောလုံးသူရဲကောင်းများသို့ ဂုဏ်ပြုသည်။]

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




**နေပြည်တော် ဩဂုတ် ၂၅**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်နှင့် ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော် စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Luan Thuy Duong လည်း တက်ရောက်သည်။

## အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**(သတင်းစဉ်)**



# အာဆီယံအသိုက်အဝန်းအတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ထောက်ခံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel သဇင်ခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အားကစား၊ ယဉ်ကျေးမှုနှင့် ဆေးဘက်ဆိုင်ရာ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည့်အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေးဆိုင်ရာ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ အာဆီယံအသိုက်အဝန်းအတွင်း တွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ထောက်ခံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Chi Vinh နှင့် အဖွဲ့၊ Viettel Group ၏ ဥက္ကဋ္ဌ Maj. Gen. Nguyen Manh Hung နှင့်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံသည်။

ဗီယက်နမ် ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်နေသည့် အခြေအနေ၊ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ၊ လက်ရှိလုပ်ဆောင်နေသည့် လေ့ကျင့်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အားကစား၊ယဉ်ကျေးမှု၊ ဆေးဘက်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

Viettel Group ၏ ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား MECTel နှင့် Viettel တို့ပူးပေါင်း၍ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုနှင့် MyTel ဆက်သွယ်ရေးလုပ်ငန်းများ ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေ၊ စီးပွားရေးအမြတ်အစွန်းအတွက်မဟုတ်ဘဲ နိုင်ငံ့ဆက်သွယ်ရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် လုပ်ဆောင်နေမှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**
မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် အဖွဲ့သည် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Melia Yangon Hotel တွင် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အဖွဲ့အား တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရေးနှင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးကြသည်။**(အောက်ပုံ)**

ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့်အဖွဲ့အား Melia Yangon Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



## သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း ဂျမေကာနိုင်ငံ ဘုရင်ခံချုပ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၆**
ဂျမေကာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းသည် ၎င်း၏ ခန့်အပ်လွှာကို ဩဂုတ် ၂၂ ရက်တွင် ကင်စတန်မြို့၌ ဂျမေကာနိုင်ငံ ဘုရင်ခံချုပ် ဆာပတ်ထရစ်အယ်လင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၅**
ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် တစ်ပေခွဲခန့်နှင့် ညောင်ဦးမြို့တွင် သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေခန့်စီ ကျဆင်းလာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။**(ကြေးမုံ)**

❖ **ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် မွန်းလွဲ ၃ နာရီခွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(နေပြည်တော်)၌ အစည်းအဝေး ခေါ်ယူကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများက ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီမှစတင်၍ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းစခန်းများ၊ အခြေစိုက်စခန်း အများအပြားကို တစ်ပြိုင်နက်တည်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပုံ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပြင် အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေများ၊ ပိတ်ဆို့ခြင်းခံထားရသော အရပ်သားပြည်သူများအား ကယ်ထုတ်ရန် လိုအပ်သည့်အခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တုံ့ပြန်ဆောင်ရွက်နေရသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အစိုးရ၏ မြေပြင်အခြေအနေတင်ပြချက်များ စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် ဒေသခံရပ်သူ/ရွာသားများ၏ လုံခြုံရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ပေးရန် အသေးစိတ်လမ်းညွှန်မှုများ ပြုလုပ်ပေးခဲ့သည်။ ပြည်နယ်အစိုးရထံသို့လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးလမ်းညွှန်မှုများ ပြုလုပ်ခဲ့သည်။

ယခုအခါတွင် အဆိုပါဒေသ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အင်အားကို လက်ရှိရှိသည့်အင်အားထက် တိုးမြှင့်တာဝန်ချထားရေးတို့ကိုဆောင်ရွက်ပေးထားပြီး တပ်မတော်မှလည်း တပ်ဖွဲ့အင်အားဖြည့်တင်းကာ ဒေသခံပြည်သူတို့၏ လုံခြုံရေးကို ထိရောက်စွာကာကွယ်စောင့်ရှောက်ပေးရန် အစီအမံများ ပြုလုပ်ပေးပြီးဟု သိရှိရသည်။

ထို့အပြင် မောင်တောမြို့နယ် ခမောင်းဆိပ်မြို့၊ တောင်ပြိုလက်ဝဲမြို့နှင့် မြင်းလွတ်မြို့တို့တွင် ပိတ်မိနေသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံရာသို့ ပြောင်းရွှေ့ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦး၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာထမ်း တစ်ဦး အသက်ဆုံးရှုံးခဲ့သည်။ အကြမ်းဖက်မှုတွင် ပါဝင်သည့် အကြမ်းဖက်သမား ၇၇ ဦးကို အသေဖမ်းဆီးရမိခဲ့ပြီး နှစ်ဦးကို အရှင်ဖမ်းမိခဲ့သည်ဟု သိရှိရသည်။

ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စောင့်ရှောက် ကာကွယ်ရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စ၊ အကြမ်းဖက်သမားများအားထိရောက်စွာ နှိမ်နင်းရေးကိစ္စတို့ကို နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ကြီးကြပ်ကွပ်ကဲဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❋ **နိုင်ငံအတွက်မှ**

လုပ်ရပ်များကြောင့် မိမိတို့၏လုပ်ငန်းများ ယိမ်းယိုင်သွားမည် မဟုတ်ပါ။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ အရေးကိစ္စများကို လက်တွေ့ကျပြီး ရေရှည်တည်တံ့သည့် ဖြေရှင်းချက်များဖြင့် ထိထိရောက်ရောက်ဖြေရှင်းသွားမည်ဟု ခိုင်မာသည့် သန္နိဋ္ဌာန်ထားရှိပြီး ဖြစ်ပါသည်။ ယမန်နေ့က ထုတ်ပြန်လိုက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အစီရင်ခံစာ၏ အပြုသဘောဆောင်သည့် ချဉ်းကပ်ရပ်တည်မှုကို ကြိုဆိုပါသည်။

ယနေ့ဖြစ်ပွားသည့် တိုက်ခိုက်မှုများအား ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန်မှ ပြင်းထန်စွာရှုတ်ချကြောင်းကြေညာချက်ကို ကြိုဆိုကြောင်း ထုတ်ပြန်အပ်ပါသည်။

❒ **ရခိုင်ပြည်နယ်မှ**

လုံ့စွပ် ၄၇ ချောင်း ၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်စဉ်သည် ၎င်းဒေသတွင် အများစုနေထိုင်ရောက်ရှိလျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြှင့်လာစေရန် အချိန်ယူ စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးဖော်ထုတ်ရရှိခဲ့သည်။

၃။ အဆိုပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သည် လုံခြုံရေးအင်အား ထပ်မံဖြည့်တင်း၍ တပ်မတော်နှင့်ပူးပေါင်းပြီး ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်လျက်ရှိစဉ် ဒေသခံတိုင်းရင်းသားများအား သတ်ဖြတ်မှု၊ ခြိမ်းခြောက်မှု၊ ဝါဒဖြန့်မှုဖြစ်စဉ်များကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် အဟန့်အတားဖြစ်စေခဲ့ပါသည်။ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်စဉ် မေယုတောင်ကြောပေါ်တွင် အကြမ်းဖက်သမားများ၏ ခြေကုပ်စခန်းများကို စစ်ဆေးတွေ့ရှိခဲ့သည်။

၄။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေးဆောင်ရွက်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ချိန်တည်း အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သား ၁ ဦး စုစုပေါင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၁ ဦးတို့ ကျဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၉ ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူ အများအပြား ဒဏ်ရာရရှိခဲ့ကာ လက်နက် ၆ လက် ဆုံးရှုံးခဲ့ရသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကို ပြင်းထန်စွာရှုတ်ချပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုမှန်သမျှကို တားဆီးကာကွယ်သွားမည် ဖြစ်သည်။ ထို့ပြင် အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများ၊ ငွေကြေးထောက်ပံ့သူများ၊ စီစဉ်ဆောင်ရွက်သူများ၊ ပူးပေါင်းကြံစည်သူများ၊ အားပေးကူညီသူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ သို့ဖြစ်၍ ယခုအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သော အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများနှင့် ယင်းအကြမ်းဖက်သမားများအတွက် တာဝန်ရှိသော Arakan Rohingya Salvation Army (ARSA)တို့ကို အကြမ်းဖက်အုပ်စုဖြစ်သည်ဟု အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၎)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်ထုတ်ပြန်ချက်နှင့် လုံခြုံရေးစခန်းများ တိုက်ခိုက်ခံရခြင်းတို့နှင့်ပတ်သက်၍ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၅

**မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ယနေ့တွင် ကြေညာချက်များ အသီးသီးထုတ်ပြန်ခဲ့ကြောင်း သိရသည်။**

အမေရိကန်သံရုံး၏ ကြေညာချက်များတွင် ဩဂုတ် ၂၄ ရက်က ထုတ်ပြန်ခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် ထုတ်ပြန်ကြေညာချက်ကို အမေရိကန်သံရုံးက ကြိုဆိုပါကြောင်း၊ ကော်မရှင်၏ အကြံပြုချက်များကို ပြည့်ဝသောအတိုင်းအတာအထိ အကောင်အထည်ဖော်မည့်အမြင်ဖြင့် ပြန်လည်သုံးသပ်သွားမည့် အစိုးရ၏ ကတိကဝတ်ကို ချီးကျူးပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရှုပ်ထွေးလှသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အစိုးရ၏ကြိုးစားအားထုတ်မှုများကို ဆက်လက်၍ အားပေးကူညီသွားရန် မိမိတို့မျှော်လင့်လျက်ရှိပါကြောင်းဟု လည်းကောင်း။

ထို့ပြင် ညကဖြစ်ပွားခဲ့သော လုံခြုံရေးစခန်းများ တိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်၍ ရှုတ်ချပြီး အသက်စွန့်လွှတ်ခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲရပါသည်ဟု မိမိတို့ ပြောကြားလိုပါကြောင်း၊ ယင်းလုပ်ရပ်ကျူးလွန်သူများကို လက်ရဖမ်းဆီးမိရေးနှင့် နောက်ထပ်အကြမ်းဖက်မှုများ မဖြစ်ပွားရေးအတွက် အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များက အရေးယူဆောင်ရွက်ရန် တာဝန်ရှိသည်ကို မိမိတို့ နားလည်အသိအမှတ်ပြုပါကြောင်း၊ အပြစ်မဲ့ အရပ်သားအားလုံးကို အကာအကွယ်ပေးနိုင်ရန်အတွက် ထိုသို့ လက်ရဖမ်းဆီးနိုင်ရေးနှင့် နောက်ထပ် အကြမ်းဖက်မှုမဖြစ်ပွားရေးတို့ကို ဆောင်ရွက်ရန် မိမိတို့ တိုက်တွန်းခြင်းဖြစ်ပါကြောင်း၊ လူမှုအသိုက်အဝန်းအားလုံးအနေနှင့် ၎င်းတို့၏အပြုအမူအပြောအဆိုများသည် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှု ပြန်လည်ရရှိနိုင်ရေးအတွက် ဦးတည်စေလိုကြောင်းကိုလည်း တိုက်တွန်းပါကြောင်း ဟုလည်းကောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံး၏ ကြေညာချက်တွင် ဗြိတိသျှသံရုံးရန်ကုန်အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာအားကြိုဆိုပါကြောင်း၊ သံရုံးအနေဖြင့် ကော်မရှင်၏ အကြံပေးချက်များကို ဆောင်ရွက်သွားမည့် အစိုးရ၏ ကြေညာချက်ကိုလည်း ကြိုဆိုပါကြောင်း၊ ရခိုင်ပြည်နယ်မှ အခြေအနေသည် အကြမ်းဖက်နည်းဖြင့် တိုးတက်မှုရရှိအောင် ဆောင်ကြဉ်းနိုင်မည် မဟုတ်ပါကြောင်း၊ သံရုံးအနေဖြင့် ယမန်နေ့ညက တိုက်ခိုက်မှုများအား ရှုတ်ချပါကြောင်း၊ အရပ်သားများအား အကာအကွယ်ပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီရရှိရေး ဆောင်ရွက်ပေးရန် အလွန်အရေးကြီးပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ် ခမောင်းဆိပ်၊ တောင်ပြိုလက်ဝဲနှင့် မြင်းလွတ်မြို့တို့ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျေးရွာသူ ကျေးရွာသားများအား လုံခြုံမှုရှိသည့်နေရာများသို့ ပြောင်းရွှေ့ကယ်ထုတ်

**နေပြည်တော် ဩဂုတ် ၂၅**



မောင်တောမြို့နယ် ခမောင်းဆိပ်၊ တောင်ပြိုလက်ဝဲနှင့် မြင်းလွတ်မြို့တို့ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျေးရွာသူ ကျေးရွာသားများအား လုံခြုံမှုရှိသည့်နေရာများသို့ ပြောင်းရွှေ့ကယ်ထုတ်ပေးလျက်ရှိပြီး တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှနယ်မြေစိုးမိုးနိုင်ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၁၁ ဦးနှင့် မိသားစုဝင် ငါးဦး၊ နတလ ဝန်ထမ်းတစ်ဦးနှင့် မိသားစုဝင် ခုနစ်ဦး၊ လမ်းဦးစီးဝန်ထမ်း နှစ်ဦးတို့အား နယ်ခြားစောင့်ရဲတပ်ရင်း နယ်မြေ(၁)ရဲစခန်းသို့လည်းကောင်း၊ မြင်းလွတ်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၁၇ ဦးအား မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးသို့ လည်းကောင်း၊ ပညာရေးဝန်ထမ်း ၁၂ ဦးအား နယ်ခြားစောင့်ရဲတပ်ရင်း မောရဝတီစခန်းသို့ လည်းကောင်း ခေတ္တပြောင်းရွှေ့ပေးခဲ့ပြီး ခမောင်းဆိပ်မြို့ရှိ ထွေအုပ်ဝန်ထမ်း ခြောက်ဦး၊ ပညာရေးဝန်ထမ်း ၁၀ ဦးတို့သည် မင်းခမောင်း တိုင်းရင်းသားကျေးရွာသို့ သွားရောက် ပူးပေါင်းနေထိုင်လျက်ရှိရာ အဆိုပါဝန်ထမ်း ၁၆ ဦးအား လုံခြုံရေးရှိသည့်နေရာသို့ ပြောင်းရွှေ့ကယ်ထုတ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ်အတွင်းရှိ နံ့သာတောင်ပရဟိတကျောင်းမှ ကလေးများ၊ အမျိုးသမီးများ၊ ရွာသားများ စုစုပေါင်း ၄၀၀ ကျော်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံသည့် တောင်ပြိုအထက်တန်းကျောင်းသို့ ပြောင်းရွှေ့နေရာချထားပြီး ဘူးသီးတောင်မြို့ရှိ သာသနာ့ဗိမာန်ကြီးသို့ အောင်ဗလကျေးရွာမှ ရွာသူ ရွာသား ၁၅၀ ခေတ္တရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရသည်။

တောင်ဘဇာကျေးရွာနှင့် ပီရွက်ကျေးရွာမှ ရွာသူ ရွာသားများနှင့် ဌာနဆိုင်ရာများအား နယ်မြေခံတပ်ရင်းသို့ ပြောင်းရွှေ့ထားရှိပြီး တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် မောင်တောဒေသအတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ဘေးကင်းလုံခြုံသည့် နေရာများသို့ ဆက်လက် ပြောင်းရွှေ့ပေးလျက်ရှိကြောင်းနှင့် နယ်မြေစိုးမိုးနိုင်ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ည ၇ နာရီ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

■

# ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့်ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့်နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေ တစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်ဘီးတစ်ခုအပါအဝင် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



❂ ကျောဖုံးမှ

ဓားဖြင့်ဝိုင်းဝန်းခုတ်ခဲ့သဖြင့် ရဲတပ်သား မင်းသူရနိုင်ကျဆုံးခဲ့ကာ လက်ကိုင်ဆက်သွယ်ရေးစက်တစ်လုံးနှင့် တစ်လုံးထိုး သေနတ်တစ်လက် ပါသွားခဲ့ကြောင်း သိရသည်။

လောင်းဒုံစခန်းကို နံနက် ၃ နာရီ ၂၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပေ။ မောင်းနီကင်းစခန်းကို နံနက် ၁ နာရီတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ သီဟိုဠ်ကင်းစခန်းကို နံနက် ၄ နာရီ ၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့် လာရောက်ဝိုင်းဝန်းခဲ့၍ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သဖြင့် အချိန်အနည်းငယ်အတွင်း ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ဇင်ပိုင်ညာစခန်းကို နံနက် ၄ နာရီ ၁၀ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားအင်အား (စိစစ်ဆဲ)မှ လာရောက်ဝိုင်းခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ နံနက် ၄ နာရီ ၃၅ မိနစ်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ကျောက်ပြင်ဆိပ်ကင်းစခန်းကို နံနက် ၇ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ) မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ပဒင်းခေါင်းတကာကင်းစခန်းကို နံနက် ၀၀ နာရီ မိနစ် ၅၀ တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ပညောင်ပင်ကြီး ကင်းစခန်းအား နံနက် ၁ နာရီ မိနစ် ၂၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်း ဖက်သမားအင်အား (စိစစ်ဆဲ)မှ လာရောက်ဝိုင်းဝန်း၍ သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ရွှေရင်အေးစခန်းအား နံနက် ၄ နာရီတွင် လူအုပ်များ တက်လာသည်ဟု သတင်းရရှိခဲ့သည်။ သရေကုန်းဘောင် ကင်းစခန်းကို နံနက် ၅ နာရီ ၁၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့် ဝင်ရောက်လာသည့် သတင်းအရ လူ၊ လက်နက်များ ရွာအတွင်းသို့ ရွှေ့ပြောင်းခဲ့ရသည်။

ချိန်ခါလီစခန်းအား နံနက် ၄ နာရီတွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့သည်။ မြင်းလွတ်စခန်းကို နံနက် ၄ နာရီ ၄၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂလီအကြမ်းဖက်သမားအင်အား ၁၀၀၀ ခန့်က လာရောက်ဝိုင်းဝန်းတိုက်ခိုက်သဖြင့် ရဲမှူး ဟိန်းထက်ကျော်၊ ရဲတပ်သား ဝင်းထိုက်တို့ နှစ်ဦး ကျဆုံးခဲ့ပြီး ဘီအေ ၉၄ တစ်လက်၊ ပွိုင့် ၃၈ ခြောက်လုံးပြူး တစ်လက် ပါသွားခဲ့သည်။

အလယ်သံကျော်စခန်းကို နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ ဝင်ရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒု-လဝကမှူး ဇာမောင်း ကျဆုံးခဲ့ပြီး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများမှာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ဥဒေါင်း (နတလ) စခန်းအား နံနက် ၅ နာရီ ၁၀ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားအင်အား ၁၀၀ က လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများမှာ နံနက် ၆ နာရီတွင် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ နှာခေါင်းတိုချောင်းဝ ကင်းစခန်းကို နံနက် ၇ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား အင်အား(စိစစ်ဆဲ)က လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

သဝန်ချောင်း စခန်းကို နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့်က လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ကိုးတန်ကောက်စခန်းအား နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)က သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နံနက် ၅ နာရီ ၁၅ မိနစ်တွင် တပ်မတော်စစ်ကြောင်းများ ရောက်ရှိလာပြီး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား အလောင်း ခြောက်လောင်းရရှိခဲ့သည်။

တောင်ဘဇာရဲကင်းစခန်းကို နံနက် ၃ နာရီ မိနစ် ၄၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀ ဦးခန့်က လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအလောင်း ငါးလောင်းရရှိခဲ့ပြီး နံနက် ၅ နာရီ ၁၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားသည်။ ဖောင်တော်ပြင်စခန်းကို နံနက် ၄ နာရီ ၂၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား အင်အား(စိစစ်ဆဲ)က သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒု-ရဲအုပ် အောင်မြင့်ဦးနှင့် ဒု-တပ်ကြပ်စိုးဝင်းတို့နှစ်ဦး ကျဆုံးခဲ့ရကာ တပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား နှစ်ဦး သေဆုံးခဲ့သည်။

အလားတူ မောင်တောမြို့ပတ်လည်ရှိ ရဲစခန်း၊ ရဲကင်းများကို အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုများတွင် ရပ်ကွက် (၅)ရဲကင်းစခန်းအား နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမားအင်အား အလုံးအရင်းဖြင့် အော်ဟစ်ဝိုင်းလာသဖြင့် တပ်ဖွဲ့ဝင်များက ထပ်မံပစ်ခတ်ခဲ့ရသည်။ ရွာသစ်ကေ ရဲကင်းစခန်းအား နံနက် ၃ နာရီခွဲတွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ငါးဦးက လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ မြို့ဝင်တံတား ရဲကင်းစခန်းအား နံနက် ၃ နာရီခွဲတွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ငါးဦးက သေနတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ နတလ ရဲကင်းများကို နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက အချိန်ကိုက် လာရောက်တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ယာဉ်ထိန်းရဲရုံးနှင့် မူးယစ်ရဲတပ်ဖွဲ့ရုံးများအတွင်းသို့ နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက ခဲတ်ဆီပုလင်း ( လက်လုပ်ဗုံး)ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယာဉ်ထိန်းရဲရုံးရှေ့ မြက်ခင်း မီးလောင်ခဲ့သည်။ ကျောက်ပန္နူရွာအနီးရှိ အရှည် ရှစ်ပေ၊ အကျယ် ၁၀ ပေရှိ ကွန်ကရစ်တံတားဟောင်းအား နံနက် ၈ နာရီ ၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးခဲ့သည်။

ထိုသို့ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ရှစ်ဦး၊ ဒု-လဝကမှူး တစ်ဦး စုစုပေါင်း ကိုးဦး သေဆုံးခဲ့ရပြီး လက်နက်ငယ် ခြောက်လက်၊ လက်ကိုင်ဆက်သွယ်ရေးစက် တစ်လုံး ပါဆုံးခဲ့ကာ လာရောက်တိုက်ခိုက်ခဲ့သည့် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၁၆ ဦး သေဆုံးခဲ့သည်။

တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မောင်တောဒေသအတွင်း နယ်မြေစိုးမိုးနိုင်ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သည့်အချိန် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပမည့်အချိန်တို့နှင့် အချိန်ကိုက် အကြမ်းဖက်တိုက်ခိုက်မှုများဖန်တီးကာ တိုက်ကွက်များဖော်ဆောင်လာခြင်းဖြစ်ကြောင်း သုံးသပ်ရသည်။

ထပ်မံရရှိသည့် သတင်းများအား နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့မွန်းလွဲ ၁ နာရီ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုအပြင် ၎င်းတို့နေထိုင်သည့်အိမ်များအား မီးရှို့ဖျက်ဆီးထွက်ပြေး

**နေပြည်တော် ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်းရှိ လုံခြုံရေးရဲကင်းနှင့် ရဲစခန်းများကို အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်သည့်အပြင် ဒုက္ခသည်စခန်းများနှင့် ရွာများကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။



အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားက ကျေးရွာများအား မီးရှို့ဖျက်ဆီးထားစဉ်။

ဖြစ်စဉ်မှာ ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလီ ဘင်္ဂါလီရွာ၌ နေထိုင်ကြသည့် ဘင်္ဂါလီများသည် ၎င်းတို့၏နေအိမ်များကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မီးရှို့ဖျက်ဆီးခဲ့ပြီး မြစ်နားဘင်္ဂါလီကျေးရွာနှင့် မေယုတောင်ကြောဘက်သို့ တက်သွားခဲ့ကြသည်။

အလားတူ ရသေ့တောင်မြို့နယ်အတွင်းရှိ အိမ်ခြေ ၆၀ ရှိသည့် စေတီပြင် ဘင်္ဂါလီကျေးရွာ၌ နေထိုင်ကြသည့် ဘင်္ဂါလီများသည် ၎င်းတို့၏နေအိမ်များကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး ချင်းရွာဘက်သို့ ပြောင်းရွှေ့သွားကြောင်း သိရသည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် ယနေ့နံနက် အရုဏ်တက်တွင် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေးဆောင်ရွက်နေသည့် ရဲကင်းစခန်းများကို တစ်ချိန်တည်း အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ကင်းစခန်းပေါင်း ၃၀ ၊ ကျဆုံးတပ်ဖွဲ့ဝင်ပေါင်း ၁၁ဦး (တပ်မတော်သားတစ်ဦး၊ရဲတပ်ဖွဲ့ဝင် ၁၀ ဦး)၊ ဒု-လဝကမှူးတစ်ဦးသေဆုံးပြီး ဒဏ်ရာရ တပ်ဖွဲ့ဝင်ပေါင်း ၁၁ ဦး၊ သုံးဦး (စိုးရိမ်ရ) လက်နက်ခြောက်လက် ဆုံးရှုံးခဲ့သည်။ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားအလောင်း ၅၉ လောင်းနှင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦး အရှင်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းတို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့သည့်အပြင် ဘူးသီးတောင်မြို့နယ် ဖောင်တော်ပြင်ကင်းစခန်းရှိ ကျေးလက်ကျန်းမာရေး ဌာနဝန်ထမ်း ဦးဇော်မျိုးအောင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။

မောင်တော မောင်နုမရွာ ဗလီရှေ့ ကားလမ်းမပေါ်တွင် စစ်ကူသွားသည့် နယ်ခြားစောင့်ရဲတပ်ရင်းမှ ကား သုံးစီးကို မွန်းလွဲ ၂ နာရီခွဲတွင် မိုင်းဆွဲပြီး မွန်းလွဲပိုင်းအချိန်ထိ ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ထပ်မံရရှိသည့်သတင်းများကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ညနေ ၄ နာရီ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက ရဲကင်း၊ ရဲစခန်းများကို တစ်ချိန်တည်း တိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင် ငါးဦး ကျဆုံး၊ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အလောင်း ခုနစ် လောင်းရရှိ

**နေပြည်တော် ဩဂုတ် ၂၅**

မောင်တောခရိုင်အတွင်းရှိ ရဲကင်းများနှင့် ရဲစခန်းများကို ယနေ့နံနက် ၁ နာရီခန့်မှစ၍ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ငါးဦး ကျဆုံးပြီး သေနတ် နှစ်လက် ဆုံးရှုံးကာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အလောင်း ခုနစ်လောင်း ရရှိထားကြောင်း သိရသည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် နံနက် ၁ နာရီမှ စတင်၍ မောင်တောခရိုင်အတွင်း ရဲစခန်းတစ်ခုကို လက်လုပ်မိုင်းများဖြင့် မိုင်းခွဲတိုက်ခိုက်ပြီး တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ကာ နေရာအနှံ့အပြားရှိ ရဲကင်း၊ ရဲစခန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့သည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် နတ်ချောင်း၊ တမန်းသား၊ ကွမ်းသီးပင်ချောင်းဝ၊ နံ့သာတောင်၊ နံ့သာတောင်ချောင်းဝ၊ မီးတိုက်ချောင်းဝ၊ ကျီးကျွန်း၊ ဇီးပင်ချောင်းဝ၊ လောင်းဒုံ၊ သီဟိုဠ်ကျွန်း၊ ဇင်ပိုင်ညာ၊ သရေကုန်းဘောင်၊ ပညောင်ပင်ကြီး၊ ရွှေရင်အေး၊ မြင်းလွတ်၊ အလယ်သံကျော်၊ ဥဒေါင်း(နတလ)၊ သဘော်ကွေ့၊ ချိန်ခါလီ၊ ကိုးတန်ကောက်၊ သဝန်ချောင်း၊ တောင်ဘဇာ၊ ဖောင်တော်ပြင်၊ မောင်တော (နတလ)တို့ရှိ ရဲကင်း၊ ရဲစခန်းများကို တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့ကြောင်း။

အလားတူ ယနေ့နံနက် ၃ နာရီခန့်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၁၅၀ ခန့်သည် နယ်မြေခံတပ်ဂိတ်သို့ နှစ်ဖွဲ့ခွဲ၍ ဝင်ရောက်နိုင်ရန် ကြိုးပမ်းခဲ့ရာ တပ်မတော်သားများက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်များတွင် ရဲတပ်ဖွဲ့ဝင် ငါးဦး ကျဆုံးခဲ့ပြီး သေနတ် နှစ်လက်ဆုံးရှုံးခဲ့ကာ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား အလောင်း ခုနစ်လောင်း ရရှိထားကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းအထိ နေရာအချို့တွင် အပြန်အလှန် တိုက်ခိုက်မှုများ ဖြစ်ပွားနေဆဲဖြစ်ပြီး တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများကို ချေမှုန်းလျက်ရှိကြောင်း သိရသည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများအနေဖြင့် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သည့်အချိန်နှင့် အချိန်ကိုက် အကြမ်းဖက်တိုက်ခိုက်မှုများဆောင်ရွက်လာခြင်းဖြစ်ကြောင်းနှင့် အသေးစိတ်သတင်းများ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့နံနက် ၈ နာရီ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# လူငယ်ရေးရာမူဝါဒ၏ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒရေးဆွဲရေးဆိုင်ရာကော်မတီ (၃)ရပ်ဖြစ်သည့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် မူကြမ်းရေးဆွဲရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် Hotel Max ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကော်မတီ (၃)ရပ်မှ အဖွဲ့ဝင်များ၊ လူငယ်ကိုယ်စားလှယ်များ၊ နည်းပညာ အကြံပေးအဖွဲ့နှင့် UNFPA မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။



ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူငယ်များ၏အနာဂတ်သည် နိုင်ငံ၏ အနာဂတ်ဖြစ်သဖြင့် လူငယ်များ၏ကဏ္ဍ၊ လူငယ်များ ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်အတွက် လူငယ်များအား စနစ်တကျပြုစုပျိုးထောင်နိုင်သော လူငယ်များကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် လူငယ်မူဝါဒလိုအပ်ကြောင်း၊ လူငယ်များကြား မတူညီကွဲပြားသည့် အခြေအနေများကို ပေါင်းစပ်ညှိနှိုင်း၍ ဘုံသဘောတူညီချက် ရယူကာ အဆင့်ဆင့် အချိန်ယူဆောင်ရွက်မှုကြောင့် လူငယ်မူဝါဒ မူကြမ်း ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမူဝါဒမှ တစ်ဆင့် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ထုတ် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အဆိုပါမူဝါဒကိုရေးဆွဲရာတွင် လုံလောက်သော အချိန်ရရှိပြီးဖြစ်သည့်အပြင် နောင်တွင်လည်း ခေတ်စနစ် အခြေအနေနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်နိုင်သည်ဖြစ်ရာ ယင်းမူဝါဒကို အတည်ပြု၍ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် အလေးထားကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က လူငယ်ရေးရာမူဝါဒသည် တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်ထုဆစ်သည့် ကဏ္ဍတစ်ခုဖြစ်သဖြင့် အလွန်အရေးကြီးကြောင်း၊ လက်ရှိအခြေအနေကို သုံးသပ်ရာတွင် အဘက်ဘက်မှ လွှမ်းခြုံ၍ စဉ်းစားသုံးသပ်ရခြင်းဖြစ်သဖြင့် ရှုထောင့်မျိုးစုံ၊ အမြင်မျိုးစုံ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ စနစ်ကို အခြေပြုချဉ်းကပ်ခြင်း၊ စနစ်ကိုအခြေပြု စဉ်းစားတွေးခေါ်ခြင်းတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားလုံးပါဝင်သည့် မဟာဗျူဟာများ ချမှတ်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအားလုံးကလည်း မည်ကဲ့သို့ ပါဝင်ကူညီပံ့ပိုးရမည်ကို ရှင်းလင်းစွာ သိရှိနိုင်သည့် တိကျ၍ လက်တွေ့ကျသော လုပ်ငန်းရပ်များ စဉ်းစားထည့်သွင်းပေးရန်လိုကြောင်း၊ လူငယ်မူဝါဒသည် ပညာရေးမူဝါဒနှင့် နိုင်ငံရေးဖြစ်ပေါ်နေမှုတို့ဖြင့် တိုက်ရိုက်အချိုးကျလျက်ရှိကြောင်း ပြောကြားခဲ့ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ အမြန်ဆုံးပေါ်ထွက်လာစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ သက်ဆိုင်ရာကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**❋ YBS အထူးယာဉ်မှ**

လျှောက်လွှာတွင် ထည့်သွင်းခေါ်ယူခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

YBS ယာဉ်လိုင်းများတွင် အစိုးရအစီအစဉ်နှင့် ပုဂ္ဂလိကအစီအစဉ်တို့ဖြင့် ယာဉ်အသစ် အစီး ၂၀၀၀ ကျော် ရောက်ရှိနေပြီး ကျွမ်းကျင်ယာဉ်မောင်းများစွာ လိုအပ်နေသည့်အတွက် YBS အထူးယာဉ်မောင်းသင်တန်းကို ဇူလိုင် ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ အမှတ်စဉ် (၂)သင်တန်းပြီးစီးပြီဖြစ်၍ အမှတ်စဉ် (၃)အတွက် ဆက်လက်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အမျိုးသမီးယာဉ်မောင်းတွေလည်း စိတ်ဝင်စားလာရင် သင်တန်းလာလျှောက်လို့ရပါတယ်။ လျှောက်လွှာခေါ်ယူတဲ့ ကြော်ငြာမှာပါ ထည့်ပေးထားပါတယ်။ အမှတ်စဉ် (၂) တုန်းက အမျိုးသမီးယာဉ်မောင်းတစ်ဦး လာလျှောက်ပါတယ်။ နောက်ထပ် အမျိုးသမီးယာဉ်မောင်းတွေ လာလျှောက်ခဲ့ရင် အမှတ်စဉ် (၃) ဖွင့်ရင် ထည့်ပေးဖို့တော့စီစဉ်ထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) တို့ ပူးပေါင်း၍ YBS အထူးယာဉ်မောင်းသင်တန်းကို အမှတ်စဉ်(၁)တွင် လာရောက်လျှောက်ထားသူဦးရေ ၄၀၀ ကျော်အထိ ရှိခဲ့ကာ ယာဉ်မောင်း ၁၀၅ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ အမှတ်စဉ် (၂) တွင်လည်း သင်တန်းသား ၁၀၀ ကျော်ဖြင့် ဆက်လက်ဖွင့်လှစ်ခဲ့ကာ ယခုအမှတ်စဉ် (၃)အတွက် လျှောက်လွှာများခေါ်ယူနေပြီဖြစ်ပြီး စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ (ရုံးချိန်အတွင်း) အမှတ် (၆၅) လေးထောင့်ကန်လမ်း မာန်အောင်ရပ်ကွက် တာမွေမြို့နယ်ရှိ YRTA ရုံးချုပ် (ကျိုက္ကဆံစူပါဝမ်းကုန်တိုက်ဘေး) သို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါလာရောက်လျှောက်ထားသူများသည် ခရီးသည်တင်ယာဉ်ကြီး မောင်းနှင်နိုင်မှု ရှိမရှိ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အပါအဝင် ကနဦးစစ်ဆေးချက်များအောင်မြင်မှသာ သင်တန်းသို့တက်ရောက်ခွင့် ရခြင်းဖြစ်ပြီး ယာဉ်မောင်းလိုင်စင် အနိမ့်ဆုံး (ခ) လိုင်စင်သုံးနှစ် သက်တမ်းနှင့် အထက်ရှိသော ယာဉ်မောင်းများကိုသာလက်ခံမည်ဟု သိရသည်။ လျှောက်ထားသူသည် အသက် (၂၅) နှစ်မှ (၅၅) နှစ်အတွင်း၊ ယာဉ်ကြီးမောင်းနှင်သည့် အတွေ့အကြုံရှိသူဖြစ်ရမည်ဖြစ်ကာ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်သူဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

အဆိုပါသင်တန်းတွင် အောင်မြင်သူများကို သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အင်္ဂလိပ်- မြန်မာ နှစ်ဘာသာဖြင့် နိုင်ငံတကာ အသိအမှတ်ပြု ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဟုသိရသည်။ ယင်းအပြင် သင်တန်းအောင်မြင်သောယာဉ်မောင်းများကို YBS ယာဉ်လိုင်းများတွင် မောင်းနှင်နိုင်ရန် ယာဉ်လိုင်းကုမ္ပဏီများက အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။ **(၀၀၁)**

**❍ မြန်မာပိုက်ကျော်ခြင်းမှ**

အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ -တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သော်လည်း လာအိုကို နှစ်ပွဲပြတ်၊ အိမ်ရှင် မလေးရှားကို နှစ်ပွဲပြတ်၊ ဗီယက်နမ်ကို နှစ်ပွဲပြတ် တို့ဖြင့် အနိုင်ရကာ ငွေတံဆိပ်ရခဲ့သည့် အင်ဒိုနီးရှားထက် တစ်မှတ်အသာရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို (၂၁-၁၈) မှတ်၊ (၂၁-၁၉)မှတ်ဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်ပြီး ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ပွဲသိမ်းခါနီးတွင် အမှားများခဲ့သောကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယနေ့ပွဲအပြီးတွင် ရွှေတစ်ခု၊ ငွေနှစ်ခု ရရှိထားပြီး နှစ်ယောက်တွဲ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မလေးရှား)**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်သည်။



အစည်းအဝေးတွင် ဥက္ကဋ္ဌက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဆောင်ရွက်ကြမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ အတည်ပြုလျှောက်ထားလွှာများအား အတည်ပြုမိန့်များထုတ်ပေးနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ရုံးဖွဲ့စည်းမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးသည်။

ယင်းနောက်ကော်မတီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများက အတည်ပြုလျှောက်ထားလွှာများ လက်ခံစိစစ်ခြင်း၊ အတည်ပြုမိန့်များထုတ်ပေးခြင်းနှင့် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စိစစ်ကြပ်မတ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မတည်ငွေရင်း ပမာဏအမေရိကန်ဒေါ်လာ ငါးသန်းအထိ (သို့မဟုတ်) ကျပ်သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြု လျှောက်ထားလွှာများကို ရန်ကုန်တိုင်းဦးစီးမှူးရုံး အမှတ်(၁)သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၀၁-၆၅၇၈၉၂ သို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **(ရဲခေါင်ညွန့်)**

# မောင်တောဒေသအတွင်းရှိ ရဲကင်းစခန်းများအား နီးစပ်ရာကင်းစခန်းများသို့ ပူးပေါင်း

**နေပြည်တော် ဩဂုတ် ၂၅**

ဩဂုတ် ၂၅ ရက်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက ရဲကင်း၊ ရဲစခန်းများကို တစ်ချိန်တည်း တိုက်ခိုက်ခဲ့ရာ တပ်မတော်သား တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦး ပေါင်း ၁၂ ဦး ကျဆုံးခဲ့ပြီး လက်နက်ငယ် ခြောက်လက်၊ လက်ကိုင်ဆက်သွယ်ရေးစက် တစ်လုံး ဆုံးရှုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများသည် အင်အားအလုံးအရင်းဖြင့် ရဲကင်းစခန်းငယ်များအား ထပ်မံဝင်ရောက်တိုက်ခိုက်ခြင်း မပြုလုပ်နိုင်ရန်အတွက် ရဲကင်းစခန်းငယ်များမှ လုံလောက်သောအင်အားဖြင့် ပြန်လည်ခုခံနိုင်ရန်နှင့် ထပ်မံအကြမ်းဖက်ခံရမှု မဖြစ်ပွားစေရန်အတွက် ရဲကင်းစခန်း ၂၃ ခုအား အောက်ဖော်ပြပါ ကင်းစခန်း/နယ်မြေစခန်းများသို့ သွားရောက်ပူးပေါင်းခဲ့ပါသည်-

(၁) ဦးလှဖေစခန်း နယ်မြေ (၁၀)မှ ကင်းချောင်းစခန်း နယ်မြေ (၁၀)သို့
(၂) ဆေးရိုးကျစခန်း နယ်မြေ (၁၀)မှ ဖုံညိုလိပ်စခန်း နယ်မြေ (၁၀)သို့
(၃) ၃ မိုင်စခန်း နယ်မြေ(၈)မှ မြင်းလွှတ် နယ်မြေ(၈)သို့
(၄) ဂျင်းတောစခန်း နယ်မြေ(၈)မှ ကျောက်ပန္နူ(နတလ) နယ်မြေ(၉)သို့
(၅) ဇော်မတက်စခန်း နယ်မြေ (၇)မှ ကိုင်းကြီးစခန်း နယ်မြေ (၇)သို့
(၆) ဘဂုံးနားစခန်း နယ်မြေ (၇) မှ နိုရူလာစခန်း နယ်မြေ (၇)သို့
(၇) ဆာလေစခန်း နယ်မြေ (၂) မှ အောင်ဇူစခန်း နယ်မြေ (၂)သို့
(၈) ဇီးပင်ချောင်းစခန်း နယ်မြေ (၄) မှ ဇီးပင်ချောင်းဝစခန်းနယ်မြေ(၄)သို့
(၉) ဝက်ကျိန်းစခန်း နယ်မြေ (၄)မှ မင်းကြီးစခန်း နယ်မြေ(၄)သို့
(၁၀) ကျောက်ချောင်းချောင်းဝစခန်း နယ်မြေ (၄)မှ ကွန်းပေါက်ချောင်းဝစခန်း နယ်မြေ (၄) သို့
(၁၁) ထန်းချောင်းစခန်း နယ်မြေ (၄)မှ လိပ်ရစခန်း နယ်မြေ (၄)သို့
(၁၂) သက်ကိုင်ညာစခန်း နယ်မြေ (၂)မှ တမန်းသားစခန်း နယ်မြေ(၂)သို့
(၁၃) ကျီးကျွန်းစခန်း နယ်မြေ (၃)မှ နံ့သာတောင် ချောင်းဝစခန်း နယ်မြေ (၃) သို့
(၁၄) နံ့သာတောင်စခန်း နယ်မြေ (၃)မှ နံ့သာတောင်ရွာ နယ်မြေ (၃)သို့
(၁၅) သာယာကုန်း နယ်မြေ (၃)မှ သဘော်လှစခန်း နယ်မြေ (၃)သို့
(၁၆) လက်ယာချောင်းစခန်း နယ်မြေ (၂)မှ မင်္ဂလာညွန့်စခန်း နယ်မြေ (၂) သို့
(၁၇) ကျောက်ပြင်ဆိပ်စခန်း နယ်မြေ (၆) မှ ပြင်ဖြူ ဇင်ပိုင်ညာ၊ လဘောဇား စခန်းများ နယ်မြေ (၆)သို့
(၁၈) ညောင်ပင်လှစခန်း နယ်မြေ (၁၁)မှ မီညိုထောင့်စခန်း နယ်မြေ (၁၁) သို့
(၁၉) ဥဒေါင်းတံတားစခန်း နယ်မြေ (၈)မှ ဥဒေါင်း(နတလ) စခန်း နယ်မြေ (၈) သို့
(၂၀) သဘော်ကွေ့စခန်း နယ်မြေ (၉)မှ အင်းဒင်စခန်း နယ်မြေ (၉)သို့
(၂၁) ချိန်ခါလီစခန်း နယ်မြေ(၈)မှ အလယ်သံကျော်နယ်မြေရုံး နယ်မြေ(၈) သို့
(၂၂) ကွဲရိုင်းစခန်း နယ်မြေ(၁၀)မှ ကျောင်းတောင်စခန်း နယ်မြေ (၁၀)သို့
(၂၃) မောင်နီစခန်း နယ်မြေ (၆)မှ POE စခန်း နယ်မြေ (၆)သို့။

ထိုကဲ့သို့ ရဲကင်းစခန်းများအား နီးစပ်ရာကင်းစခန်းများသို့ ပူးပေါင်းခြင်းသည် အစွန်းရောက် အကြမ်းဖက်သမားများ၏ ဝင်ရောက်တိုက်ခိုက်စီးနင်းခံရမှုကြောင့် စခန်းများအား ဆုတ်ခွာခဲ့ခြင်းမဟုတ်ဘဲ ထပ်မံ၍ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပေါ်လာပါက ကင်းစခန်းများတွင် လုံလောက်သော အင်အားဖြင့် ပြန်လည်တုံ့ပြန်ခုခံနိုင်ရန်အတွက်နှင့် တိုင်းရင်းသားကျေးရွာများအား လုံလောက်သောလုံခြုံမှုပေးနိုင်ရန်အတွက် ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ည ၉ နာရီတွင် သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်၍ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်းအစည်းအဝေးသို့ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအနေဖြင့် အဓမ္မစေခိုင်းမှုပပျောက်ရေး အပါအဝင် အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အလုပ်သမားရေးရာကိစ္စရပ်များ၊ ဂျီနီဗာရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးထံမှ အဓမ္မစေခိုင်းမှုဆိုင်ရာ ပပျောက်ရေး လုပ်ငန်းစီမံချက်နှင့် ပတ်သက်သည့် အကြံပြုချက်များ၊ အိုင်အယ်လ်အိုနှင့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးရေးအတွက် အိုင်အယ်လ်အိုနှင့် နောက်ဆုံး ညှိနှိုင်းသဘောတူညီချက်အပေါ် တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များက ညှိနှိုင်းသဘောတူရန် လိုအပ်နေသေးသည့် အချက်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ စည်းဝေး



**နေပြည်တော် ဩဂုတ် ၂၅**

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့် ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပရာ အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြို့တော် စည်ပင်သာယာရေးကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ၊ NGOs၊ CSO များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက လူဦးရေတိုးတက်လာပြီး မြို့ပြများ၊ စက်မှုဇုန်များ တိုးချဲ့လာသည်နှင့်အမျှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေးတို့အတွက် ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီအနေဖြင့် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်သည် လမ်းညွှန်မှုမူဘောင်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိန်ထွန်းလင်းက လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမင်းမော်က ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် IGES Centre Collaborating with UNEP on Environmental Technologies(CCET)တို့ ပူးပေါင်းရေးဆွဲလျက်ရှိသော အမျိုးသားအဆင့်၊ မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် အပြီးသတ်မူကြမ်းကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်အောင်ဝင်းက ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ (မူကြမ်း)နှင့် ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဌာနအသီးသီးမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ စက်မှုဇုန်ဥက္ကဋ္ဌများ၊ NGOs၊ CSO များမှ ကိုယ်စားလှယ်များက ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မူခင်းကျဆင်းရေးယာဉ်ဖြင့် အသိပညာပေး

**ကျိုက်ထို ဩဂုတ် ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ၌ ဩဂုတ်လ စတုတ္ထပတ်က သထုံခရိုင်မှ မူခင်းပြခန်းယာဉ်နှင့်အတူ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျိုက်ထိုမြို့နယ် ကွာရီရဲကင်းစခန်းမှူး ရဲအုပ်ဇော်မင်းနိုင်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို လည်းကောင်း၊ အမှတ် (၇၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒု-တပ်ကြပ် နောင်ထည်ဝါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ရဲအုပ်ဇော်မင်းနိုင်က သထုံခရိုင် မူခင်းပြခန်းယာဉ်ပေါ်တွင် ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နံရံကပ်စာပေရေချမ်းစင်များတွင် စာစဉ်အသစ်များဖြည့်တင်း

**ပုလော ဩဂုတ် ၂၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုလောမြို့နယ်မှ ဝန်ထမ်းများသည် ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန်နှင့် စာပေကို လက်လှမ်းတမီလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ရပ်ကွက်/ကျေးရွာများရှိ လူစည်ကားရာလမ်းဆုံ၊ လက်ဖက်ရည်ဆိုင်များ၊ ကားဂိတ်များ၊ သင်္ဘောဆိပ်များတွင် နံရံကပ်စာပေရေချမ်းစင်များ ထားရှိပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စာစဉ်အတွဲ (၅) အမှတ်(၆)ကို ဖြည့်တင်းပေးခဲ့သည်။

အဆိုပါစာစဉ်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးမွေးမြူရေး၊ ပြည်သူ့နီတိ၊ ကျန်းမာရေး၊ အတ္ထုပ္ပတ္တိနှင့် လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အနုပညာ၊ ကလေးသူငယ်၊ ပညာရေးစသည့် စာစဉ် ၁၃ မျိုး ပါရှိကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ အစီအစဉ်ရေးဆွဲရေး သင်တန်းပို့ချ

**သနပ်ပင် ဩဂုတ် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှစ်စဉ်ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ အစီအစဉ်ရေးဆွဲရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် Development Planner ဦးကျော်စွာလွင် (UNOPS)နှင့် မြို့နယ်ကျေးလက်ဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာသော ကျေးရွာအုပ်စု ၆၀၊ ကျေးရွာပေါင်း ၉၉ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီအဖွဲ့ဝင် တစ်ဦးစီတို့အား နှစ်ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**



# မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဩဂုတ် ၂၅ ရက်စွဲဖြင့် ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများကို စက်တင်ဘာ ၁ ရက်မှစတင်ကာ တစ်စောင်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း။

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာတွင် ဘာသာတွဲအမှတ်စဉ် ၁၊ ၅၊ ၆၊ ၇ နှင့် ၈ ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် ၂၊ ၃ နှင့် ၄ ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ပြင်ပဖြေဆိုရန် စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းသူများအနေဖြင့် အမှန်တကယ်နေထိုင်သည့် မြို့နယ်၏ မြို့နယ်ပညာရေးမှူးရုံးများတွင် စက်တင်ဘာ ၁ ရက် မှ ၂၉ ရက်အတွင်း ဝင်ခွင့်လျှောက်လွှာကို တင်သွင်းကြရမည်ဖြစ်ကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးများမှ စာမေးပွဲဝင်ကြေးအတွက် ၇၀၀ ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်ကြောင်း။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ၇၀၀ ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများကို လျှောက်လွှာတစ်စောင်ချင်းစီတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ စက်တင်ဘာ ၁ ရက်မှ ၂၉ ရက် အတွင်း တင်သွင်းကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် သတ်မှတ်ထားသောရက်များအတွင်း လျှောက်လွှာအချိန်မီပေးပို့ခြင်းမရှိသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း၊ စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင်ပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် ဖြေဆိုမည့်ဘာသာတွဲအလိုက်ပုံစံများ မှန်ကန်စေရန် သေချာစွာစစ်ဆေးပြီးမှ ပေးပို့ကြရန်ဖြစ်ကြောင်း။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်ရှိ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ရုံးအမှတ် (၅၂) ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဇွဲကပင်ဆောင်)၌လည်းကောင်း၊ ရန်ကုန်မြို့ အမှတ် (၁၆၆) လသာလမ်းရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၌လည်းကောင်း ဝယ်ယူနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၈ စီး၊ သွင်းကုန် ၃၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၆ ဒသမ ၇၉၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၄ ဒသမ ၄၅၆ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးကျပ် ၅၁ ဒသမ ၂၄၆ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဩဂုတ် ၂၁ ရက်တွင် ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးကို သတင်းအရ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့နှင့် မူးယစ်တပ်ဖွဲ့ဝင်များက ရပ်တန့်ရှာဖွေစစ်ဆေးရာ ထိုင်ခုံအမှတ် (F-5,6) တွင်လိုက်ပါလာသည့် ခရီးသည်နှစ်ဦး ထိုင်သည့် ထိုင်ခုံအပေါ် ပစ္စည်းတင်စင်တူးဘောက်အတွင်းမှ (F-5,6) လေဘယ်ကတ်တပ်ဆင်ထားသည့် B တံဆိပ်ပါ အနက်ရောင်ကျောပိုးအိတ်အတွင်းမှ Love Is Flower စာတန်းပါ ရောင်စုံပလတ်စတစ် ဆပ်ပြာခွက်များအတွင်း ပလတ်စတစ်အိတ်အကြည်ဖြင့် ထုပ်ထားသည့် ဖြူ/ဝါရောင် ဘိန်းဖြူမှုန့် ၁၃ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၂၂ ခွက် (စုစုပေါင်း အလေးချိန် ၂၈၆ ဂရမ်)နှင့် အဝါရောင်တိပ်ဖြင့် တစ်ထပ်၊ မှိုင်းကိုင်စက္ကူဖြင့် တစ်ထပ်ပတ်လျက် အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ် တစ်အိတ်လျှင် "88" နှင့် "I" စာတန်းတစ်ဖက်စီပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားစီပါ အထုပ် ၃၀ (စုစုပေါင်း ဆေးပြား ၅၉၄၀ ပြား) အလေးချိန် ၅၉၄ ဂရမ်၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးကျပ် ၄၉ ဒသမ ၇၂၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**အောင်လံမြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး ပြလို့ကျေးရွာအတွင်း ရေဝင်ရောက်မှုများကြောင့် ရေဘေးမလွတ်သည့် အိမ်ထောင်စု ၂၃ စုအား ပြလို့ရဲကင်းစခန်းမှူး ရဲအုပ် မျိုးဇော်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။**
(ရဲပြန်ကြား)

# ရက်ပေါင်း ၅၀ ခန့်အကြာ အလောင်းအား ပြန်လည်တူးဖော်စစ်ဆေးမှု တောင်ငူတွင်ဖြစ်ပွား

**တောင်ငူ ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင်နေထိုင်သောသေဆုံးသူအမျိုးသား ရုပ်အလောင်းအားဂူသွင်းသင်္ဂြိုဟ်ပြီး ရက်ပေါင်း ၅၀ ခန့်အကြာ ဩဂုတ် ၂၄ ရက်တွင် ပြန်လည်တူးဖော်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာနေ ကိုမျိုးမင်းဦး (၄၇)နှစ်သည် ဇူလိုင် ၅ ရက် နံနက် ၆ နာရီ ခန့်က ၎င်း၏နေအိမ်ရှေ့စျေးဆိုင်အတွင်း၌ မှောက်လျက်အနေအထားဖြင့် ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို ယောက်ဖတော်စပ်သူ ကိုဖိုးတုပ်ကတွေ့ရှိခဲ့သည်။ မိခင်ဖြစ်သူက သားဖြစ်သူ သေဆုံးမှုကိုသံသယဖြစ်သော်လည်း အခြားအကြောင်းများကြောင့် ရုပ်အလောင်းကို ရွာသစ်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ ယခုအခါ ကျေးရွာပတ်ဝန်းကျင်မှအမျိုးမျိုးဝေဖန်နေမှုများကြောင့် မိခင်ဖြစ်သူက သားဖြစ်သူသေဆုံးရခြင်း၏အဖြစ်မှန်ကို စုံစမ်းဖော်ထုတ်ပေးရန် တိုင်တန်းလာသဖြင့် ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခန့်က သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရယူကာ ခရိုင်မှုခင်းဆရာဝန်၊ မြို့နယ်တရားသူကြီး၊ အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ရုပ်အလောင်းကို ပြန်လည် တူးဖော်စစ်ဆေးခဲ့သည်။ ဖြစ်စဉ်ကို တောင်ငူမြို့အမှတ် (၃) နယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၅/၂၀၁၇)ဖြင့် စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

"သူ့အမေက သူ့သားသေတာကိုသံသယရှိတာပေါ့။ အဲဒါကြောင့်နံနက် ၁၁ နာရီက မှုခင်းဆရာဝန်တွေနဲ့စစ်ဆေးပြီးပါပြီ။ ဆရာဝန်ရဲ့စစ်ချက်အဖြေပေါ် မူတည်ပြီးဒဏ်ရာမရှိဘူးဆို သေမှု သေခင်းနဲ့ပေါ့။ ဒဏ်ရာရှိတယ်အစာအိမ်မှာလည်းစစ်ဆေးတွေ့ရှိတယ်ဆိုရင်တော့ လူသတ်မှုနဲ့ပြောင်းဖွင့်ရမှာပါ"ဟု အမှတ် (၃) နယ်မြေရဲစခန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

■

# ကနန်းရိုးရာအိမ် မီးလောင်မှုဖြစ်ပွား

**ဗန်းမောက် ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်းဒေသ နန်းဇားကျေးရွာ တပ်နားရပ်ကွက်၌ ဩဂုတ် ၂၄ ရက်တွင် ကနန်းရိုးရာအိမ်ကြီးတစ်အိမ် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ တပ်နားရပ်ကွက်နေ ဦးအောင်ကျန်-ဒေါ်ချန်းစိန်တို့အိမ်သားများ လယ်တောထဲသွားစဉ် အိမ်၌ အဘိုးအိုတစ်ယောက်တည်းရှိနေချိန် မီးကြွင်းမီးကျန်မှတစ်ဆင့် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စတင်လောင်ကျွမ်းခဲ့ရာ မွန်းလွဲ ၂ နာရီ ၅၀ မိနစ်ချိန်တွင် နန်းဇားကျေးရွာပြည်သူအင်အားဖြင့် ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ပြီး သက်ကြီးအဘိုးအိုကို မီးဘေးမှကယ်ထုတ်နိုင်ခဲ့သည်။

ရွှေကျောင်းကျေးရွာမှ ထော်လာဂျီမီးသတ်ယာဉ်သည် မီးလောင်ပြီးမှရောက်ရှိလာသည့်အတွက် ကျေးရွာလူထုက အဆင့်မီမီးသတ်ယာဉ် အလိုရှိကြောင်း၊ မီးလောင်မှုဖြစ်ပွားရာတွင် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

**ကိုနိုင် (ကနန်း)**



# ခိုးဆိုးလုနှိုက်များအား စီမံချက်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်

**မူဆယ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မှုခင်းကျဆင်းရေးနှင့် ခိုးဆိုးလုနှိုက်ဖမ်းဆီးရမိရေးအတွက် စီမံချက်ချမှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် မြို့မရဲစခန်းမှူး ဒုရဲမှူး အေးမြင့်ဦးဆောင်သော ခရိုင်လုံခြုံရေးတပ်ခွဲ ခရိုင်မှုခင်းအကူဌာနစု နယ်ထိန်းအဖွဲ့ ရဲကင်းအမှတ် (၁၊ ၂၊ ၃) တို့သည် အဖွဲ့ငယ်များခွဲ၍ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဩဂုတ် ၂၄ရက် ၈ နာရီအချိန်တွင် ရဲအုပ်စိုင်းရှုအောင် ဦးဆောင်သော နယ်ထိန်းအဖွဲ့သည် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မီးသတ်ရုံးအနီး မသင်္ကာဖွယ်တွေ့ရှိရသူ မောင်စုန်ရှန်းအား မူဆယ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြသော မောင်ဆန်းတီနှင့် မောင်ပြုံးချိုတို့ကို ခိုးယူခဲ့သည့် ဆိုင်ကယ် ခုနစ်စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း စုံစမ်းသိရသည်။

**ဆရာမောင်(မူဆယ်)**

# သထုံမြို့နယ်၌ ငါးချဉ်စားမိရာမှ အစာအဆိပ်သင့်မှုဖြစ်ပွား

**သထုံ ဩဂုတ် ၂၅**

သထုံမြို့နယ် ပိန္နဲတောကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက ငါးချဉ်များကို ဝယ်ယူစားသုံးမိရာမှ ကျေးရွာရှိ လူ ၁၇ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ရွာမှာလာရောင်းချတဲ့ ငါးချဉ်သည်ဆီကနေ ဝယ်စားကြတယ်။ ဝယ်စားတဲ့ လူမှန်သမျှက အားလုံးအဆိပ်သင့်တာ။ ခုအနေအထားအရတော့ လူနာအချို့က သက်သာနေပါပြီ။ ကိုယ်ခံအားမကောင်းတဲ့သူဆိုရင် စိတ်ချအောင်ဆေးရုံကို လွှဲပို့ထားပါတယ်"ဟု ပိန္နဲတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှမင်းက ပြောသည်။

အစာအဆိပ်သင့်သူ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၇ ဦးကို ပိန္နဲတောကျေးရွာဆေးပေးခန်းတွင် ကုသပေးလျက်ရှိပြီး လူနာတစ်ဦးကို သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားပြီးဖြစ်ရာ အဆိုပါလူနာများမှာ အော့အန်ခြင်း၊ ဝမ်းသွားခြင်းများဖြစ်ပေါ်နေကြောင်း သိရသည်။

အစာအဆိပ်သင့်လူနာများ၏ အန်ဖတ်နှင့်ငါးချဉ်ထုပ်၏ နာမူနာများရယူထားပြီး အမျိုးသားဓာတ်ခွဲခန်းသို့ပေးပို့ကာ အဖြေကိုစစ်ဆေးလျက်ရှိပြီး အစာအဆိပ်သင့်မှုနှင့်ပတ်သက်၍ ကျန်းမာရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာများမှ ပြည်သူများ ပူးပေါင်းဆောင်ရွက်ကာ ကျေးရွာအတွင်း နောက်ထပ် အစာအဆိပ်သင့်လူနာရှိ/မရှိ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ရွှေလွန်းပျံခရီးသည်တင်ယာဉ်နှင့် ကင်တာယာဉ် အမြန်လမ်းတွင်တိုက်မိ

**သာဂရ ဩဂုတ် ၂၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး သာဂရအမြန်လမ်းမကြီးရဲစခန်းအပိုင်တွင် ရွှေလွန်းပျံခရီးသည်တင်ယာဉ်နှင့် ကင်တာယာဉ်တို့တိုက်မိရာမှ လူထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ညပိုင်းတွင် သာဂရအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁၈၄/၂) နှင့် (၁၈၄/၃) အကြားတွင် နေပြည်တော်ဘက်သို့ ရန်ကုန်ဘက်မှ ယာဉ်မောင်း အောင်အောင်ဦး မောင်းနှင်သော 3L/---- ကင်တာအပြာရောင်ယာဉ်ကို နောက်မှယာဉ်မောင်းအောင်စိုးလင်း မောင်းနှင်လာသော ယာဉ်အမှတ် 1F/-----ရွှေလွန်းပျံ ခရီးသည်တင်ယာဉ်မှ ကျော်တက်စဉ် ကင်တာယာဉ်မှာဝဲဘက်ယာဉ်ကြောသို့ကပ်ခဲ့သဖြင့် ခရီးသည်တင်ယာဉ်၏ရှေ့ခေါင်းယာဘက်ခြမ်းနှင့်တိုက်မိခဲ့ရာ ကင်တာယာဉ်ပေါ်ပါရှိသူ အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံသို့ တင်ပို့ထားရပြီး ယာဉ်တစ်စီးလုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သာဂရအမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ)၁၅/၁၇ ရာဇသတ်ကြီးပုဒ်မ (၃၃၈) ဖြင့် ယာဉ်မောင်းနှစ်ဦးအားအမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ကမ္ဘာ့လုပ်ခလစာအများဆုံးရရှိတဲ့ ကစားသမားဖြစ်ခွင့်အတွက်တောင်းဆိုလိုက်တဲ့ စီရိုနယ်လ်ဒို

ရီးယဲလ်မက်ဒရစ်စူပါစတား စီရိုနယ်လ်ဒိုက ရီးယဲလ်တာဝန်ရှိသူတွေအနေဖြင့် သူ့ကို တစ်ပတ်လုပ်ခ ပေါင် ၇၀၀၀၀၀ အထိ တိုးမြှင့်ပေးဖို့ တောင်းဆိုခဲ့တယ်လို့ ပေါ်တူဂီမှ သတင်းရင်းမြစ်များက ဖော်ပြသည်။ စီရိုနယ်လ်ဒိုက တစ်နှစ်လုပ်ခလစာ ပေါင် ၃၇ သန်းအထိ ရရှိလိုကြောင်း တောင်းဆိုခဲ့တာဖြစ်ပြီး ဒီပမာဏက ပီအက်စ်ဂျီအသင်းကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ရောက်ရှိသွားတဲ့ နေမာထက် လစာနှုန်းထားပိုများမည့် ပမာဏဖြစ်သည်။

နေမာမှာ ပီအက်စ်ဂျီအသင်းတွင် အခွန်ဆောင်ပြီး တစ်ပတ်လုပ်ခ ပေါင် ၅၀၀၀၀၀ ရရှိနေတယ်လို့ သတင်းထွက်နေသော်လည်း ယင်းမှာလည်း မှန်းဆချက်သက်သက်ပင်ဖြစ်သည်။ စီရိုနယ်လ်ဒိုက ချုပ်ဆိုပြီး စာချုပ်များတွင် ပါဝင်တဲ့ လစာနှုန်းထားပမာဏကို ပြင်ဆင်ကာ သဘောတူညီချက်သစ် လက်မှတ်ရေးထိုးဖို့ လိုလားနေခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုမှာ စပိန်အာဏာပိုင်များ၏ အခွန်လိမ်လည်ခဲ့တယ်ဆိုသော စွဲချက်ကြောင့် အမှုရင်ဆိုင်နေရပြီး ရီးယဲလ်တာဝန်ရှိသူတွေက ယင်းကိစ္စရပ်အပေါ် မသိကျိုးကျွန်ပြုတယ်လို့ ခံစားရခြင်းကြောင့် အသင်းဟောင်းမန်ယူကို ပြန်လည်ပြောင်းရွှေ့ရန် ဆက်သွယ်နေသည်ဟု သတင်းများထွက်ခဲ့သူဖြစ်သည်။ သို့သော် ရီးယဲလ်တာဝန်ရှိသူများက စပိန်သတင်းစာများ၊ စာစောင်များတွင် အခွန်လိမ်လည်မှု သတင်းများ၊ ဆောင်းပါးများဖော်ပြရာ၌ စီရိုနယ်လ်ဒိုရဲ့ ပုံရိပ်ကိုသော်လည်းကောင်း၊ အကြောင်းအရာကိုသော်လည်းကောင်း ထည့်သွင်းအသုံးပြုရေးသားခြင်းမရှိစေရန် ဆက်သွယ်တောင်းဆိုခဲ့ကြောင်း အယ်လ်ကွန်ဖီဒယ်တီယယ် သတင်းဌာနက ဖော်ပြသည်။

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၆၈ | ၄၆ | ၄၅ | ၁၅၉ |
| ၂ | ဗီယက်နမ် | ၄၃ | ၂၉ | ၃၄ | ၁၀၆ |
| ၃ | စင်ကာပူ | ၃၉ | ၃၃ | ၃၉ | ၁၁၁ |
| ၄ | ထိုင်း | ၃၅ | ၅၀ | ၅၅ | ၁၄၀ |
| ၅ | အင်ဒိုနီးရှား | ၂၂ | ၃၅ | ၄၅ | ၁၀၂ |
| ၆ | ဖိလစ်ပိုင် | ၁၅ | ၂၀ | ၃၆ | ၇၂ |
| ၇ | မြန်မာ | ၆ | ၈ | ၁၂ | ၂၆ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၀ | ၆ | ၇ |
| ၉ | ဘရူနိုင်း | ၀ | ၂ | ၇ | ၉ |
| ၁၀ | လာအို | ၀ | ၁ | ၇ | ၈ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

## မြန်မာဘိလိယက်အဖွဲ့ ငွေ တစ်ခု၊ ကြေး တစ်ခု ထပ်မံဆွတ်ခူး

ဆီးဂိမ်းဘိလိယက်တစ်ဦးချင်းပြိုင်ပွဲကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာဘိလိယက်အဖွဲ့က ငွေ တစ်ခု၊ ကြေး တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များကို နံနက်ပိုင်းတွင် ကျင်းပရာ ချစ်ကိုကို (မြန်မာ)က ပရာပွတ် (ထိုင်း)ကို အနိုင်ရခဲ့သော်လည်း နေသွေးဦး(မြန်မာ)ကမူ ပီတာဂေးလ်ခရစ်(စင်ကာပူ)ကို ရှုံးနိမ့်ခဲ့သည်။ ချစ်ကိုကိုနှင့် ပီတာဂေးလ်ခရစ်တို့၏ ဗိုလ်လုပွဲကို ညနေပိုင်းတွင် ကျင်းပရာ ပီတာဂေးလ်ခရစ်က လက်ရည်အသာဖြင့် ကစားကာသုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။ ပူးတွဲကြေးဆုကို နေသွေးဦးနှင့် ပရာပွတ်တို့က ရရှိခဲ့သည်။ မြန်မာဘိလိယက်အဖွဲ့သည် ယနေ့ပွဲအပြီးအထိ ငွေ သုံးခု၊ ကြေး နှစ်ခုရရှိထားသည်။

**သတင်း -ဖိုးသော်ဇင်**

# မန်ယူနဲ့ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့တဲ့ အီဗရာဟီမိုဗစ် ကျော|နံပါတ်(၁၀) ဝတ်ဆင်မည်



တိုက်စစ်မှူး အီဗရာဟီမိုဗစ်က မန်ယူအသင်းနှင့် တစ်နှစ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် မန်ယူ၏ ကျောနံပါတ်(၁၀)ကို ဝတ်ဆင်မည်ဖြစ်ကြောင်းကို ဗီဒီယိုဖိုင်မှတစ်ဆင့် အသိပေးလိုက်ပြီဖြစ်သည်။ မန်ယူအသင်းက အီဗရာဟီမိုဗစ်ကို တစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဩဂုတ် ၂၄ ရက်တွင် အတည်ပြုခဲ့ပြီးနောက် နာရီပိုင်းအကြာမှာပင် အီဗရာဟီမိုဗစ်က ယင်းဗီဒီယိုဖိုင်ကို တင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရာသီ မန်ယူအသင်းတွင် အီဗရာဟီမိုဗစ် ဝတ်ဆင်ခဲ့သော ကျောနံပါတ်(၉)ကို တိုက်စစ်မှူး လူကာကူက ဝတ်ဆင်ခွင့်ရခဲ့ပြီးဖြစ်ရာ အီဗရာဟီမိုဗစ်မှာ မန်ယူအသင်းခေါင်းဆောင်ဟောင်း ဝိန်းရွန်းနီ ကာလရှည်ဆင်မြန်းခဲ့တဲ့ ကျောနံပါတ်(၁၀)ကို ပြောင်းလဲဝတ်ဆင်မည်ဖြစ်သည်။

ယင်းကိစ္စရပ်နှင့် ပတ်သက်ပြီး အီဗရာဟီမိုဗစ်က “လူကာကူက ကျွန်တော့်ကို အစ်ကိုရေ ကျွန်တော် ကျောနံပါတ်(၉)ကို ဝတ်ဆင်လို့ရမလားလို့ လာပြောတယ်။ ကျွန်တော်က မင်းကိုအခက်တွေ့အောင် ကိုယ့်အဆင့်နဲ့ လုပ်လို့မရပါဘူးကွာ။ ကိုယ်က မင်းပျော်ရွှင်ပြီး ကောင်းမွန်တဲ့ကြိုဆိုမှုရှိတယ်ဆိုတဲ့ ခံစားချက်မျိုးရှိစေချင်ပါတယ်။ ကိုယ်က မင်းကို နံပါတ်(၉) ပေးဝတ်မယ်။ ဒီတော့ ကိုယ်က နံပါတ်(၁၀)ဝတ်မယ်လေကွာ”ဟု ဆိုခဲ့ကြောင်း ပြန်ပြောင်းဖောက်သည်ချခဲ့သည်။

သို့သော် မန်ယူအသင်း၏ ထုတ်ပြန်ချက် ထွက်မလာသေးမီ အီဗရာဟီမိုဗစ်လည်း ဗီဒီယိုဖိုင် မတင်မီအချိန်ကပင် အက်ဒီးဒက်စ်ကုမ္ပဏီက အီဗရာဟီမိုဗစ် နာမည်ပါ မန်ယူကျောနံပါတ်(၁၀)ဂျာစီကို ဈေးကွက်များတွင် ရောင်းခဲ့ပြီးဖြစ်သည်။ အီဗရာဟီမိုဗစ်မှာ အစောပိုင်းက နိုဝင်ဘာ (သို့မဟုတ်) ဒီဇင်ဘာလရောက်မှသာ ပြန်လည်ကစားနိုင်မည်ဟု ခန့်မှန်းခဲ့သော်လည်း အောက်တိုဘာလအတွင်း ကစားမည့် စပါးနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်လာရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အီဗရာဟီမိုဗစ်က “ကျွန်တော်စခဲ့တဲ့ နေရာမှာ အဆုံးသတ်ဖို့ ပြန်လာပါမယ်။ ကလပ်အသင်းက ကျွန်တော့်ကို ဆက်ရှိနေစေဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုတာကို သိပါတယ်။ ကျွန်တော် အိုးထရက်ဖို့ဒ်ကွင်းထဲ ပြန်လာဖို့မစောင့်ဆိုင်းနိုင်လောက်အောင်ဖြစ်နေသလို အဲဒီအချိန်ရောက်ရင် ကျွန်တော်အဆင်သင့် ဖြစ်နေမယ်ဆိုတာကိုလည်း သိပါတယ်”ဟု ပြောကြားခဲ့သည်။

အီဗရာဟီမိုဗစ်မှာ ပြီးခဲ့တဲ့ ဘောလုံးရာသီကုန်ခါနီးအချိန်က ပြင်းထန်တဲ့ ဒူးအရွတ်ဒဏ်ရာကြောင့် အနားယူခဲ့ရပြီး ဇွန်လအတွင်း မန်ယူအသင်းက သူ့ကိုအသင်းမှ ထွက်ခွာခွင့်ပြုခဲ့သည်။ မန်ယူနည်းပြ မော်ရင်ဟိုက “ပြီးခဲ့တဲ့ရာသီက ပြသခဲ့တဲ့ သူ့ရဲ့ စွမ်းဆောင်ချက်တွေက ကျွန်တော်တို့ရဲ့ ယုံကြည်မှုကိုရရှိခဲ့ပြီး သူပြန်လာတာကို ကျွန်တော်တို့ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းဖို့လိုအပ်ပါတယ်”ဟု ဆိုခဲ့သည်။

မေလဲ့သင်း-စုစည်းသည်



# မက်ပီလုပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း မန်စီးတီး အတည်ပြု

မန်စီးတီးအသင်းအနေဖြင့် မိုနာကို ဆယ်ကျော်သက်တိုက်စစ်မှူးလေး မက်ပီ ရရှိရေးလုပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း မန်စီးတီး ဘောလုံးဒါရိုက်တာ ဘာဂရီစတိန်၏ ပြောကြားချက်အရ သိရသည်။ မက်ပီကို ခေါ်ယူရန် ကြိုးပမ်းနေသော ဥရောပအသင်း အမြောက်အမြားရှိသည့်အနက် မန်စီးတီးအသင်းမှာ မက်ပီကိုရရှိနိုင်တယ်လို့ ထိပ်ဆုံးမှ သတင်းပြေးနေသည့် အသင်းသုံးသင်းတွင် အပါအဝင်ဖြစ်သည်။

မန်စီးတီး ဘောလုံးဒါရိုက်တာ ဘာဂရီစတိန်က “ကျွန်တော်တို့ ဒီပြိုင်ပွဲကနေ ထွက်လိုက်ပါတယ်။ ဘာလို့လဲဆိုရင် လက်ကျန်အချိန်က နည်းသွားပြီး ဒီကာလအတွင်း အပြောင်းအရွှေ့ဖြစ်မြောက်ဖို့ မလွယ်တော့လို့ပါ။ ဒါက ဖြစ်လာဖို့မရှိတော့ပါဘူး။ မဖြစ်နိုင်တော့ပါဘူး”ဟု ပြောကြားခဲ့သည်။

မက်ပီမှာ ပြီးခဲ့သည့်ရာသီ မန်စီးတီးအသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာသွားအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပြီး အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီ မိုနာကိုမှ ထွက်ခွာနိုင်ဖွယ်ရှိနေသည်။ မန်စီးတီးက မက်ပီအတွက် ပေါင်သန်း ၁၅၀ အထိ အသုံးပြုရန် ကြိုးပမ်းနေသော်လည်း အပြောင်းအလဲများစွာပြုလုပ်နေတဲ့ ပီအက်စ်ဂျီအသင်းက နေမာကို အောင်အောင်မြင်မြင် ခေါ်ယူနိုင်ခဲ့ပြီးနောက် မက်ပီကိုပါရရှိရေး ထပ်မံကြိုးပမ်းလာခဲ့ပြန်ရာ မန်စီးတီး၏ကြိုးပမ်းမှုများ နောက်ကြောင်းပြန်လှည့်သွားသည့် အနေအထားဆိုက်ခဲ့ခြင်းဖြစ်သည်။

မက်ပီက အစောပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပူးပေါင်းရေး ပိုမိုလိုလားခဲ့သော်လည်း ယခုမူ ပီအက်စ်ဂျီအသင်းဘက်ကို အလေးသာခဲ့ပြီဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇ ခုနှစ်)"** ဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော**"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော**"ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန"**ဆိုသည့် စကားရပ်ကို **"လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၁၂ တို့ပါ **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ"** ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ) တို့တွင်ပါရှိသော **"သတ္တုတွင်းဝန်ကြီးဌာန"**ဆိုသည့် စကားရပ်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန"**ဆိုသည့် စကားရပ်များကို **"သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့တွင် ပါရှိသော **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက်"** ဆိုသည့် စကားရပ်ကို **"အောက်ဖော်ပြပါ လုပ်ငန်းများအတွက်"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၇။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၁၇။ ဗဟိုကော်မတီသည် -**

**(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။**

**(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့် ရယူခြင်းမရှိဘဲ ဝင်ရောက်လုပ်ကိုင်အသုံးပြုသူများကို အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ လုပ်ငန်းအဖွဲ့များကိုတာဝန်ပေးအပ်ရမည်။**

၈။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၂၂။ (က) ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-**

**(၁) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧရိယာခွင့်ပြုမိန့်ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိသော ဧရိယာတို့ကို အထောက်အထားခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။**

**(၂) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။**

**(၃) မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**(၄) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည် ရုပ်သိမ်းခြင်းခံရမည်။**

**(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ခွင့်ပြုမိန့် မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုနေခဲ့သော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-**

(၁) မိမိရယူလုပ်ကိုင် အသုံးပြုခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာနှင့် ၎င်းတို့နှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇ ခုနှစ်) ပြဋ္ဌာန်းသည့်နေ့မှစ၍ သုံးလအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

(၂) ပုဒ်မခွဲငယ် (၁)ပါအတိုင်း လျှောက်ထား ဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့်မရရှိလျှင်ဖြစ်စေ အဆိုပါမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်းခံရမည်။

(၃) ပုဒ်မခွဲငယ် (၁)ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင် အသုံးပြုလျှင်သော် လည်းကောင်း၊ ယင်းသို့ လျှောက်ထားသည့်အခါ ဗဟိုကော်မတီက ခွင့်မပြုသင့်သဖြင့် အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းပေါ်မှ ထွက်ခွာ ဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက်ရယူ အသုံးပြုလျှင်သော် လည်းကောင်း ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရအရေးယူခြင်းခံရမည်။"

၉။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၇** ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့် မရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော် နေထိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော် နေထိုင်စေခြင်း၊ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော် လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော် လုပ်ကိုင်ခြင်း။"

၁၀။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၈ တွင် ပါရှိသော**"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကိုဖြစ်စေ၊ ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကိုဖြစ်စေ၊ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေတွင် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်ကြောင်း"** ဆိုသည့် စကားရပ်ကို **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူက အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းဆောင်ရွက်မှု တစ်စုံတစ်ရာကို ဟန့်တားနှောင့်ယှက်ကြောင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

## မြစ်ရေဝင်ရောက်သည့်ကျေးရွာများနှင့် ရေဘေးရှောင်ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေဒုတိယအကြိမ် လျှံတက်လာခြင်းကြောင့် မြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများနှင့် ရေဘေးရှောင်ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ဩဂုတ် ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



အဆိုပါ အသိပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်ဆန်းအောင်၊ ဒေါ်သက်မွန်အေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးထွန်းမြင့်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ စက်လှေများဖြင့်ကွင်းဆင်းကာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ အသိပညာပေးခြင်း၊ ရေဘေးရှောင် ဒေသခံပြည်သူများအား အသိပညာပေးနှင့် မွေးမြူထားရှိသည့် ကျွဲ၊ နွားများပျောက်ဆုံးပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် လိုအပ်သည့် အကူအညီများကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ဒုတိယအကြိမ် ဧရာဝတီမြစ်ရေလျှံတက်ခြင်းကြောင့် ကျေးရွာ ၁၀ ရွာတွင် မြစ်ရေဝင်ရောက်လျက်ရှိပြီး အဆိုပါကျေးရွာများမှ စာသင်ကျောင်းသုံးကျောင်းကို ဩဂုတ် ၂၃ ရက်မှ စတင်၍ခေတ္တယာယီပိတ်ထားကြောင်း၊ ရေဘေးရှောင်သူ စုစုပေါင်း လူဦးရေ ၂၀၃၉ ဦးရှိကြောင်း၊ အိမ်မွေးတိရစ္ဆာန် နွား ၆၆၂ ကောင်နှင့် ဝက် ၆၂ ကောင်ရှိပြီး မြစ်ရေဝင်ရောက်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက် ဆုံးရှုံးမှုမရှိကြောင်း မြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီမှ သိရသည်။

**စိုးလင်းနိုင်**(IPRD)

---

## နာခေါင်းစည်းနှင့် ဆပ်ပြာများလှူဒါန်း

**ဖျာပုံ ဩဂုတ် ၂၅**

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းလှူဒါန်းပွဲကို ဩဂုတ်၂၃ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် အောင်သာယာ(အခြာကြီး)ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ကျေးရွာ သူနာပြုဆရာမ ဒေါ်အေးအေးမော်က လတ်တလောဖြစ်ပေါ်နေသော ရာသီတုပ်ကွေးရောဂါအကြောင်းဟောပြောပြီး အလက(ခွဲ) အောင်သာယာ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်က ကျောင်းကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများ ဆွေးနွေးသည်။

ယင်းနောက် ဒု-ရဲမှူးကျော်ကျော်နိုင်နှင့်တပ်ဖွဲ့ဝင်များက ကျောင်းသားကျောင်းသူ ၃၇၅ ဦးတို့အတွက် ကျန်းမာရေးအထောက်အကူပြုနှာခေါင်းစည်း ၅၀၀ ခုနှင့် လိုက်ဘွိုင်ဆပ်ပြာအတုံး ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

---

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းဆောင်ရွက်

**သံဖြူဇရပ် ဩဂုတ် ၂၅**

သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာအုပ်စု အိုင်ရှည်ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဩဂုတ်လ တတိယပတ်က သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာကော်မတီ နှစ်ရပ်အား ကွင်းဆင်းဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# မြန်မာ–အိန္ဒိယနှစ်နိုင်ငံနယ်စပ်တံတားဖွင့်လှစ်ပြီဖြစ်၍ ကုန်စည်၊ယာဉ်နှင့်လူဝင်/ထွက်သွားလာမှုပုံမှန်ဖြစ်လာ

**ရိခေါဒါရ် ဩဂုတ် ၂၅**
ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးတံတား ပျက်စီးမှုကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးဌာန ကြမ်ဖိုင်ခရိုင် PWD မှ တာဝန်ယူပြုပြင်ပြီးစီးခဲ့ပြီး ဩဂုတ် ၁၅ ရက် အိန္ဒိယနိုင်ငံလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံပူးပေါင်း၍ တံတားဖွင့်လှစ်ခြင်းအခမ်းအနားကိုကျင်းပခဲ့သည်။

ထို့သို့ နှစ်နိုင်ငံနယ်စပ်တံတား ပြုပြင်စဉ်ကာလအတွင်း ကုန်စည်၊ယာဉ်နှင့် လူ ဝင်-ထွက် သွားလာမှုအား ခေတ္တပိတ်ပင်ထားခဲ့ရာ ယခုအခါ တံတားပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကုန်စည်၊ ယာဉ်နှင့် လူဝင်/ထွက်သွားလာမှု အဆင်ပြေချောမွေ့လာပြီး ခရီးသွားပြည်သူများနှင့် ကုန်သည်တို့မှာ ဝမ်းသာကျေနပ်မှုရှိကြကြောင်း သိရသည်။



မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်တံတားသည် ယခင်ပြုပြင်ခြင်းမပြုလုပ်မီကယာဉ်နှင့် ကုန်အပါခံနိုင်ရည်တန်ချိန် ၁၀ တန်သာရှိခဲ့ပြီး ယခုတံတားပြုပြင်ပြီးစီးသည့်နောက်ပိုင်းတွင် တံတားသံပေါင်တန်းများ အရွယ်အစား တိုးမြှင့်ပြင်ဆင်ခြင်းကြောင့် ယာဉ်နှင့် ကုန်အပါအဝင်တံတားခံနိုင်ရည်တန်ချိန် ၁၅ တန်အထိတိုးမြှင့်ထားသည်။

ယခုအခါ မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံဘက်သို့ တင်ပို့သည့် ကွမ်းသီးများနှင့် အခြားကုန်စည်များကိုလည်း ဂျစ်ကားဖြင့်သော်လည်းကောင်း၊ ဒေသသုံးလက်တွန်းလှည်းများဖြင့်သော်လည်းကောင်း တံတားပေါ်မှ ဖြတ်သန်းပြီး တစ်ဖက်အိန္ဒိယနိုင်ငံသို့ တင်ပို့ရသဖြင့် ကုန်သည်များနှင့် ဒေသလုပ်သားပြည်သူများအတွက်ပါ များစွာအထောက်အကူပြုစေသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ရိရေကန်သို့ လေ့လာရေးခရီးဖြင့် လာရောက်အပန်းဖြေလိုသူများလည်း မိမိတို့ကိုယ်ပိုင်ယာဉ်များ၊ အငှားယာဉ်များနှင့်ပါ ရိရေကန်အထိလာရောက်နိုင်၍ နှစ်နိုင်ငံကူးသန်းဆက်သွယ်မှု အဆင်ပြေချောမွေ့သွားကြောင်းသိရသည်။

**ရိခေါဒါရ်ပြန်/ဆက်**



## တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**ဟားခါး ဩဂုတ် ၂၅**
ချင်းပြည်နယ်အတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းခြင်းဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် လုပ်ငန်းနယ်ပယ်ကျယ်ပြန့်သည့်အတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် သဘာဝအားဖြင့် တောင်တန်းဂေဟစနစ်တွင်ပါဝင်ပြီး ထူးခြားသည့်ဘူမိရုပ်သွင်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများရှိကြောင်း၊ သဘာဝဂေဟစနစ်များကို လေးစားတန်ဖိုးထားပြီး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းခြင်းတို့ကို ပိုမိုထိရောက်စွာဆောင်ရွက်ကြရန်လိုကြောင်း၊ တောရိုင်းတိရစ္ဆာန်များ စည်းကမ်းမဲ့ သတ်ဖြတ်ခြင်းမရှိစေရေးအတွက် တားဆီးပိတ်ပင်ကာ ကျူးလွန်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန်လိုကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများ ဆက်လက်ထိန်းသိမ်းပြီး လက်ဆင့်ကမ်းပေးနိုင်ရန် ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဦးမန်ဟင်းဒါးလ်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းခြင်းဆိုင်ရာ အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်ဦးဆန်နီထန်းကျုံးက တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကိုလည်းကောင်း၊ ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးလွင်မိုးက ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ လိုင်စင်မဲ့ လက်နက်များ ကိုင်ဆောင်မှုမရှိစေရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးအတွက် သစ်တောဦးစီးဌာနမှ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးတွင် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မိုးစပါးလျာထားဧကခြောက်သိန်းကျော်စိုက်ပျိုးနိုင်ရေးအတွက် ရေပေးတူးမြောင်းများကွင်းဆင်းစစ်ဆေး

**ရွှေဘို ဩဂုတ် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးစပါးလျာထားဧက ခြောက်သိန်းကျော်ရှိရာ စိုက်ပျိုးရာသီတွင် အချိန်မီစိုက်ပျိုးပြီးစီးနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေ၊ ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးရဲမြတ်ထွန်းတို့က ဩဂုတ် ၂၄ ရက်က မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ရေပေးတူးမြောင်းများ ပြုပြင်နေမှုများကို စစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ရွှေဘိုမြို့နယ် ချီပါကျေးရွာ မျိုးသန့်မျိုးစေ့ထုတ် စံပြကွက် ဧက ၁၀၀ တွင် ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကိုလည်းကောင်း၊ ရွှေဘိုမြောင်းမတော် လက်တန် (၃) အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၂ သိန်းဖြင့် ပေ ၁၀၅၀၀ ကို မြောင်းပုံစံကျ ပြုပြင်နေမှုကိုလည်းကောင်း၊ ခင်ဦးမြို့နယ် မူးတိမ်အလယ်ချောင်းအား ပြည်ထောင်စုရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် ကျိုးပေါက် ကိုးနေရာနှင့် သဲနုန်းများ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ရွှေဘိုခရိုင်တွင် မိုးစပါးဧက ၆၇၄၈၀၀ လျာထားရာ စိုက်ပျိုးပြီးဧက ၄၃၇၇၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆည်ရေသောက်ဧကများတွင် မိုးစပါးကို အပြည့်အဝ စိုက်ပျိုးနိုင်ရန် ရေပေးဝေမြောင်းများကို ပြုပြင်ဆောင်ရွက်ချက်ရှိကြောင်းမိုးစပါးစိုက်ဧကလျာထားချက်ပြည့်မီမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

**(ခင်ဦးစိုးဝေ)**

## သားငှက်တိရစ္ဆာန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ မိတ်ဆက်သင်တန်းဖွင့်

**တာချီလိတ် ဩဂုတ် ၂၅**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ မြန်မာ (WWF) တို့ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် သားငှက်ဆိုင်ရာ ဥပဒေစိုးမိုးရေး မိတ်ဆက်သင်တန်းကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ရှိ ရွှေဘူးသီးဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်းသိရသည်။



ဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သားငှက်တိရစ္ဆာန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ Project Manager ဒေါက်တာ စံပယ်မင်းက WWF ၏ စီမံကိန်း ရည်ရွယ်ချက်များနှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်း သားငှက်တိရစ္ဆာန် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်သားငှက်ဆိုင်ရာ ဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် သဘာဝအရင်းအမြစ်များ တရားမဝင် ကူးသန်းခြင်းမခံရအောင် သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး ယင်းမိတ်ဆက်သင်တန်းအား နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## စပါးခင်းများအတွင်းပိုးမွှားကင်းထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**
စပါးခင်းများအတွင်း ပိုးမွှားကင်းထောက်ခြင်း (Scouting) လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စိုက်ခင်းများအတွင်းတည်ရှိနေသော မိတ်ဆွေပိုးနှင့် ဖျက်ပိုးဦးရေများကို တိတိကျကျသိရှိနိုင်ပြီး စီးပွားရေးထိခိုက်မှုအဆင့် (ETL) ရောက်ရှိမှသာ ပိုးသတ်ဆေးဖျန်းခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲမှုများကိုလျှော့ချနိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝကောင်းမွန်သော သီးနှံများကို ရရှိစေနိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီးသီးနှံကာကွယ်ရေး တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မြမြလွင်နှင့်ဝန်ထမ်းများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းစံပြ စိုက်ခင်းနှင့် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်း စံပြစိုက်ခင်းများတွင် ကွင်းဆင်းစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စပါးခင်းများအတွင်း ပိုးမွှားကင်းထောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ စံပြစိုက်ခင်း တာဝန်ကျဝန်ထမ်း ၆၅ ဦး နှင့် စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် (Intership) ကျောင်းသား၊ ကျောင်းသူ ၂၁ ဦးတို့ကို သက်ဆိုင်ရာ စံပြစိုက်ခင်း ရှင်းလင်းဆောင်များ၌ စာတွေ့ရှင်းလင်းပြသခြင်းနှင့် စပါးခင်းများအတွင်း လက်တွေ့ကွင်းဆင်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ရွှေကုက္ကို)**



# ကရင်ပြည်နယ်အတွင်း ခါတ်သတ္တုစမ်းသပ်ရှာဖွေ တူးဖော်ထုတ်လုပ်နိုင်ရေး ကနဦးတွေ့ဆုံဆွေးနွေး

**ဘားအံ ဩဂုတ် ၂၅**
ကရင်ပြည်နယ်အတွင်း ဓာတ်သတ္တုများအား စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး ကနဦးစမ်းသပ်ရှာဖွေမှုများ ပြုလုပ်နိုင်ရန်အတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတ္တု၊ သစ်တောနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ KNU မှ ပဒိုစောရွှေမောင်း၊ SHRIN GROUP OF COMPANIES မှ SHEIN Planning & Consultant CEO ဦးကြည်သူရှိန်းတို့သည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်ဝန်ကြီးချုပ်၏ နေအိမ်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် လက်ရှိကာလတွင် ထုတ်လုပ်သည့်အဆင့်မဟုတ်သေးဘဲ စီးပွားဖြစ်ထွက်နိုင်ခြေ ရှိ-မရှိ စမ်းသပ်တိုင်းတာပြီး ထွက်ရှိမည်ဆိုပါက ပြည်နယ်ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်မည့် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီးပွားရေးသက်သက်မဟုတ်ဘဲဒေသခံများ၏ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေရရှိရေး၊ အနာဂတ်တွင်ခိုင်မာသည့် စီးပွားရေးဖြစ်ရေးကို ရည်ရွယ်ကြောင်း စသည်ဖြင့် ဓာတ်သတ္တုစမ်းသပ်ရှာဖွေ SHEIN Planning & Consultant CEO ဦးကြည်သူရှိန်းက ဆွေးနွေးတင်ပြရာ KNU မှ ပဒိုစောရွှေမောင်းက ထိုလုပ်ငန်းနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်းတွင် ညှိနှိုင်းမှုများ အနည်းငယ်ဆောင်ရွက်ဖို့ လိုအပ်မည်ဖြစ်ကြောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် မိမိတို့ဒေသသည် အသင်းအဖွဲ့များသည့်အတွက် ကွင်းဆင်းလေ့လာသည့်အခါ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ KNU သတ္တုဌာနတို့နှင့် ချိတ်ဆက်၍ ကွင်းဆင်းလေ့လာစေလိုကြောင်း ဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ကြိုဆိုပါကြောင်း၊ လုပ်ကိုင်ဆောင်ရွက်လိုသည့်လုပ်ငန်းအလိုက် မြေပြင်တွင် ကွင်းဆင်းတိုင်းတာကြည့်ရှု၍ ပြန်လည်တင်ပြစေပြီး သင့်၊ မသင့် အဖွဲ့နှင့်ဆုံးဖြတ်၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လွှတ်တော်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများထိရောက်စွာ သုံးစွဲနိုင်ရေးဆွေးနွေး

**ရေတာရှည် ဩဂုတ် ၂၅**
ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် မိမိတို့ဒေသ၊ ကျေးရွာများတွင် အကျိုးရှိရှိသုံးစွဲနိုင်ရန် ကုန်ကျစရိတ်ကို သေချာတွက်ချက်၍ တင်ပြကြရန်လိုအပ်ကြောင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ကျင်းပသော လွှတ်တော်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ခွဲဝေသုံးစွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော် က ပြောကြားသည်။

ရေတာရှည်မြို့နယ်တွင် ကျေးရွာ အုပ်စု (၅၉) အုပ်စုရှိသည့်အနက် မြို့ပေါ်ရပ်ကွက်များထက် ကျေးလက်ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၏ လိုအပ်ချက်များကိုသာ ဦးစားပေးဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ရရှိသည့် လွှတ်တော်ရန်ပုံငွေအချိုးအစားဖြင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ထည့်ဝင်ငွေဖြင့် လမ်းဖောက်လုပ်ခြင်းနှင့် တံတားများ အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည့် သာဓကများကို နမူနာယူ၍ အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပြီး လုပ်ငန်းအမျိုးအစားနှင့် ခန့်မှန်းကုန်ကျငွေကို ဩဂုတ်လအကုန်၌ တင်ပြကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## နေရပ်ပြန်ရေးကော်မတီအဖွဲ့နှင့် UNHCR အဖွဲ့တို့တွေ့ဆုံဆွေးနွေး

**လွိုင်ကော် ဩဂုတ် ၂၅**
နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ နေရာထိုင်ခင်းများရရှိနိုင်ရေးနှင့် နိုင်ငံသားတစ်ဦး ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများဥပဒေနှင့်အညီရရှိရေးအတွက် ရည်ရွယ်၍ ကယားပြည်နယ် အစိုးရအဖွဲ့နှင့် UNHCR မှ တာဝန်ရှိသူများ တွေ့ဆုံခြင်းကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ နေရပ်ပြန်သူများအနေဖြင့် အမှန်တကယ် ပြန်လာနေထိုင်နိုင်ရေးအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများရရှိစေရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အမှန်တကယ်နေရပ်ပြန်လာလိုသည့် လူဦးရေအမှန်စာရင်းကိုလည်း ပြုစုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၎င်းတို့နေထိုင်လိုသည့် မြို့နယ်၊ ကျေးရွာများတွင်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UNHCR မှ အရှေ့တောင် မြန်မာ အကြီးတန်းညှိနှိုင်းရေးမှူး Yuka Hasegawa က ကယားပြည်နယ်မှ နေရပ်စွန့်ခွာသူများ မိသားစုကိုးစု၊ လူဦးရေ ၃၅ ဦးအား နေရပ်ပြန်ခြင်းနှင့် ပြန်လည် ပေါင်းစည်းဝင်ဆံ့ခြင်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုအပိုင်းများနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ပြည်နယ်ပြန်/ဆက်**

## Lamboghini က အသစ်ထုတ်လုပ်လိုက်သည့် Alpha One စမတ်ဖုန်း

ကမ္ဘာ့နာမည်ကျော် တန်ဖိုးကြီးပြိုင်ကားလုပ်ငန်းတစ်ခုဖြစ်သည့် Lamboghini သည် ၎င်း၏ထုတ်ကုန်သစ်တစ်ခုအဖြစ် စမတ်ဖုန်းတစ်မျိုးကို ဈေးကွက်အတွင်း စတင်ပို့ဆောင်လိုက်သည်။ တန်ဖိုးကြီးပြိုင်ကားအများဆုံးထုတ်လုပ်ပြီး ကမ္ဘာပေါ်တွင် နာမည်ကျော်ကြား လူကြိုက်များသော Lamboghini မှ ယခုထုတ်လုပ်ရောင်းချသော စမတ်ဖုန်းသည်လည်း တန်ဖိုးမငယ်လှပေ။

ကိုယ်ထည်ပိုင်းကို အီတာလျံသားရေသားနှင့် ဘေးဘောင်နှစ်ဖက်ကို အလူမီနီယံသတ္တုစပ်ကိုယ်ထည် အသုံးပြုထားကာ ဥရောပနှင့် ဒူဘိုင်းရှိ မိုဘိုင်းဈေးကွက်များတွင် စတင်ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ မျက်နှာပြင် ၅ ဒသမ ၅ လက်မ အကျယ်ရှိပြီး ယနေ့ကာလအသစ်ထွက် စမတ်ဖုန်းများထက် ပိုမိုထူးခြားသည့် လုပ်ဆောင်ချက်မျိုး သိသိသာသာ ပါဝင်ခြင်းမရှိဘဲ ဈေးနှုန်းမှာ အခြားစမတ်ဖုန်းများထက်ပိုမို များပြားကာ ၈ မီလီမီတာအထူရှိသည်။

၎င်းဖုန်းအတွက် Quad-Core Qualcomm Snapdragon 820 ပရိုဆက်ဆာပါဝင်ပြီး ဖုန်းအတွင်းလည်ပတ်မှုအတွက် Andriod 7.0 စနစ်ထည့်သွင်းပေးထားသည်။ RAM ပါဝင်မှု 4 GB အထိရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB ပါဝင်ကာ Micro SD 128 GB အထိ ထပ်မံအပိုထည့်သွင်းအသုံးပြုနိုင်သည်။ အရှေ့ဘက်ကင်မရာမပါဝင်ဘဲ ကျောဘက်ကင်မရာ 20 MP တစ်လုံးသာပါဝင်ပြီး 3250 mAh ပမာဏရှိသော ဘက်ထရီပါဝင်ကာ အရောင်အားဖြင့် တစ်မျိုးသာရရှိနိုင်သည်။ အမေရိကန်ဒေါ်လာ ၂၅၀၀ ဝန်းကျင်ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ ALEX



## မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရေစီးရေလာကောင်းရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၅**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မိုးရာသီ ရေစီးရေလာကောင်းရေးလုပ်ငန်းကို ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်နိမိတ်အတွင်းရှိ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ရန်ကင်းမြို့နယ်တို့ ပူးပေါင်းပြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စက်ရုံလမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့နေသော အမှိုက်၊ နုန်းသဲများဆယ်ယူရှင်းလင်းဆောင်ရွက်ခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင်နှင့် တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးသက်ဝေတို့က ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

"အရှေ့ပိုင်းခရိုင်နယ်နိမိတ်အတွင်းက မြို့နယ်သုံးမြို့နယ်စုပေါင်းပြီးဆောင်ရွက်ကြတာပါ။ အခုဆောင်ရွက်နေတဲ့ စက်ရုံလမ်းရေနုတ်မြောင်းက အထက်ပုဇွန်တောင်လမ်းကို ဖြတ်သန်းပြီး ပုဇွန်တောင်ချောင်းထဲကို စီးဝင်သွားမှာပါ" ဟု မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းလှိုင်ကပြောသည်။

"သာယာကုန်းရပ်ကွက်၊ သပြေကုန်းရပ်ကွက်၊ ရေတွင်းကုန်းရပ်ကွက်၊ တောင်ညွန့်ကြီးရပ်ကွက်က စီးလာတဲ့ ရေတွေနဲ့အတူ အမှိုက်များမျောပါလာကာ စက်ရုံလမ်းကတစ်ဆင့် သာယာကုန်း ရေစစ်ကန်ထဲကိုစီးဝင်တော့ အမှိုက်တွေ ပြည့်လျှံပြီး ပိတ်ဆို့ကုန်တာပါ" ဟု သာယာကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနေဝင်းကပြောသည်။

**မောင်သုည**

## စက်တင်ဘာ ၁၅ ရက်တွင်စတင်ရောင်းချမည့် Galaxy Note 8 နှင့်လာမည့်ရက်ပိုင်းအတွင်းမိတ်ဆက်မည့် Gear S




ကျောဘက်ကင်မရာ နှစ်လုံးပါဝင်ပြီး ထူးခြားသည့် နည်းပညာသစ်များပါဝင်လာသော Glaxy Note 8 ကို ဩဂုတ်လ ၂၄ ရက်တွင် Samsung က တရားဝင်မိတ်ဆက်ပေးခဲ့ပြီး အဆိုပါမိတ်ဆက်ပွဲတွင် Gear S စမတ်နာရီအသစ်ကိုပါ လာမည့် သီတင်းပတ်အတွင်း ဂျာမနီနိုင်ငံ၌ပြုလုပ်မည့် IFA 2017 ကုန်စည်ပြပွဲတွင် တရားဝင်ကြေညာပြသသွားမည်ဟု သိရသည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါ အရှိန်အဟုန်ကောင်းကောင်းဖြင့် လူကြိုက်များသည့် စမတ်ဖုန်းတစ်မျိုးအဖြစ် အခိုင်အမာရပ်တည်လျက်ရှိသော Samsung သည် မျက်နှာပြင် ၆ ဒသမ ၃ လက် မ အကျယ်ရှိသော Note စီးရီးစမတ်ဖုန်းသစ်ကို ပရိုဆက်ဆာ Snapdragon 835 နှင့် Octa–EMEA Exynos 8895 ဟူ၍ ဈေးနှုန်းအပေါ်မူတည်ပြီး နှစ်မျိုးရွေးချယ်နိုင်မည်ဖြစ်သည်။ RAM 6 GB အထိပါဝင်ပြီး 64 GB, 128 GB နှင့် 256 GB ဟူ၍ သိုလှောင်သိမ်းဆည်းမှုပမာဏများကို ရွေးချယ်နိုင်မည်ဖြစ်သည်။

ထူးခြားချက်အနေဖြင့် ပထမဆုံးကင်မရာနှစ်လုံးပါဝင်သော Samsung ၏စမတ်ဖုန်းဖြစ်ပြီး Live Focus စနစ်ကို ထည့်သွင်းပေးထားသည်။ ကျောဘက်တွင် 12MP+12MP ကင်မရာနှစ်လုံးပါဝင်ပြီး အရှေ့ဘက် 8 MP ကင်မရာပါဝင် သည်။ ဈေးနှုန်းမှာ ယူရို ၁၀၀၀ ဝန်းကျင်ဖြစ်ပြီး ၎င်းဖုန်းမိတ်ဆက်ပွဲတွင် Gear S စမတ်နာရီအသစ်ကို ထပ်မံမိတ်ဆက်ပေးသွားမည့်အကြောင်း Samsung မှ ပြောကြားသွားသည်။ အဆိုပါစမတ်နာရီတွင်လည်း ထူးခြားဆန်းသစ်သည့် နည်းပညာများနှင့် အံ့အားသင့်စရာလုပ်ဆောင်ချက်များပါဝင်မည်ဖြစ်ပြီး လာမည့်သီတင်းပတ်တွင် တရားဝင်အချက် အလက်များကို ထုတ်ဖော်မိတ်ဆက်သွားမည်ဖြစ်သည်။ ALEX

# လက်တွေ့အသုံးချဆေးနည်းတိုများ (၃၀)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာခင်ဗျား။ ခုတလော တုပ်ကွေးအတွက်ဆိုပြီး မတဲမြင့်မိုရ်ကုန်းဆေးကို အသုံးများနေကြပါတယ်။ ဒီဆေးရဲ့ ဘေးထွက်ဆိုးကျိုးအနေနဲ့ သွေးတိုးနိုင်တယ်ဆိုတာ မှန်ပါသလား။**

မတဲမြင့်မိုရ်ကုန်းဆေးမှာတော့ ဆေးအမယ် ၁၂ မျိုး တစ်ကျပ်သားစီနဲ့ သိန္ဓောဆား ၁၆ ကျပ်သားတောင်ပါတာမို့ (ဇာတိပ္ဖိုလ်သီး၊ လေးညှင်း၊ စမုံနက်၊ ကတြွသချို၊ ပန်းနု၊ ပန်းမ၊ ဆောင်မေခါး၊ စူလာနဖာ၊ ကွက္ကရာ၊ ငရုပ်ကောင်း၊ ပိတ်ချင်း၊ချင်းခြောက် အားလုံး တစ်ကျပ်သားစီနဲ့ သိန္ဓော (၁၂)ကျပ်သား စုစုပေါင်းဆေးချိန် ၂၈ ကျပ်သား၊ (မူရင်း ဓာတုဝိနိစ္ဆ ယရှုကဏ္ဍကျမ်းမှ) သွေးတိုးရှိသူများအဖို့ သတိထားသောက်သင့်ပါတယ်။ သတိပေးလိုပါတယ်။

**ဆရာ မာလာငါးဟင်းစားပြီး အရိုးစူးလို့ သံပရာရည်သောက်ထားပါတယ်။ မသက်သာသေးလို့ နည်းလမ်းပေးပါ။ ကူညီပါဆရာ။**

ဆား ဟင်းစားဇွန်းတစ်ဇွန်းကို ရေမတ်ခွက်တစ်လုံးနဲ့ဖျော်ပြီး ကုန်အောင်သောက်ပါ။ သောက်ပြီး ငါးမိနစ်ခန့်ကြာရင် အန်ချင်လာပါလိမ့်မယ်။ အာခေါင်လက်ထိုးပြီး အန်လိုက်ပါ။ အရိုးပါသွားပါလိမ့်မယ်။ သေချာကြည့်ပါ။ လက်တွေ့ပြုလုပ်နည်းပါ။

ဆရာ့ရဲ့ ဆေးနည်းတိုအတိုင်း ဆားရည်သောက်လိုက်တာ ငါးရိုးပြန်ထွက်သွားပါပြီ။ ဆရာ့ကို ကျေးဇူးတင်လို့ အခုလိုအကြောင်းပြန်ကြားတာပါရှင့်။

**ဆရာ မင်္ဂလာပါ။ ကျွန်တော်က မလေးရှားနိုင်ငံမှာ အလုပ်လုပ်ပါတယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ရုတ်တရက် ဆီးမသွားနိုင်ဖြစ်ပြီး ဆေးရုံပြ ဓာတ်မှန်ရိုက်တော့ ဆီးလမ်းကြောင်းမှာ ကျောက်ရှိတယ်။ Bladder Stone တွေ့တယ်လို့ ပြောပါတယ်။ ဆေးရုံမှာ ဆီးပိုက်တန်းလန်းနဲ့နေခဲ့ရတယ်။ အခုတော ဆင်းခဲ့ရပါပြီ။ အခုထိ ဆီးသွားလို့ မကောင်းသေးပါ။ ဆီးသွားလို့ကောင်းအောင် ဘာဓာတ်စာတွေ စားသင့်ပါသလဲ ဆရာ။**

ကြက်သွန်နီဥပါးပါးလှီး ရေမဆေးနဲ့ သကြားဖြူးပြီး တစ်ကြိမ်ကို တစ်ဥကုန်အောင်စားပါ။ တစ်နေ့ နှစ်ကြိမ်စားပါ။ အင်္ဂလိပ်ကျောက်ကြေဆေး စားနေရင်လည်း တစ်နာရီခြားစားနိုင်ပါတယ်။ မြန်မာနိုင်ငံက ဆေးကုလားမ မှာယူပါ။ ရေစိမ်ပြီးပွလာရင် သကြားရည်နဲ့ ဆေးကုလားမဖျော်ရည် လုပ်သောက်ပါ။ ဆီးကောင်းစေပါတယ်။

**ဆရာခင်ဗျာ ဖေ့စ်ဘွတ်မှာ တွေ့ရတာက ငါးကြင်းခေါင်းကို ဟင်းချက်စားရင်၊ ဟင်းချိုချက်သောက်ရင် ဒူးနာရောဂါ သက်သာတယ်လို့ တွေ့ရှိရပါတယ်။ ငါးကြင်းခေါင်းစားရုံနဲ့ ဒူးနာသက်သာတဲ့နည်းမှာ အနောက်တိုင်းဆေးပညာကလာတဲ့ နည်းလား၊ မြန်မာတိုင်းရင်းဆေး (ဆေးမြီးတို) လားသိလိုပါတယ်။ ဖြေကြားပေးပါခင်ဗျာ။**

ငါးကြင်းခေါင်းကိုစားတာနဲ့ နှစ်ကြာဒူးနာရောဂါ၊ ဒူးကျီးပေါင်းရောဂါတွေ သက်သာတယ်လို့ လက်တွေ့တွေ့ဖူးပါတယ်။ ရှေးဟောင်းဆေးကျမ်းဖြစ်တဲ့ ယောအတွင်းဝန် ဦးဘိုးလှိုင်ရဲ့ ဥတုဘောဇန သင်္ဂဟကျမ်းမှာ (အသား၊ ငါးအမျိုးမျိုးတို့၏ ကဏ္ဍ) မှာ ငါးကြင်းအကြောင်း ရေးသားထားတာကို ဖတ်ရှုရတယ်။ ရှေးနှစ် ၁၅၀ ကျော်က ကျမ်းဖြစ်တယ်။

ကျမ်းမှာ-

ငါးကြင်း။ နီသောဝမ်းဗိုက်၊ ခံတွင်း၊ မျက်စိ၊ ရေယက်ရှိသော၊ ညိုသော၊ နက်သော အမြီးရှိသော ငါးသည် ရောဟိတမည်၏။ (ငါးကြင်းကို ဆိုလိုသည်) ငါးတကာတို့တွင် အမြတ်ဆုံးဖြစ်သည်။ ဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ လေကို နိုင်၏။ သုက်ကို ပွားစေတတ်၏။ အသည်းကို စဉ်းငယ်ပျက်စေတတ်၏။ ခံတွင်း၊ မျက်လုံးရွှေ့သော လေနာ(ပါးရွဲ့)ရောဂါကို နိုင်၏။ ငါးကြင်းခေါင်းသည် ဒူးအထက်၌ဖြစ်သော နာကို နိုင်၏။ ဤကား ဘာဝပ္ပကာသကျမ်းအလိုဟူ၍ ဖော်ပြထားတာကို တွေ့ရှိရတယ်။

**ဆရာရှင့် ခါတိုင်း ဆီးအောင့်တာ ကြက်သွန်နီနဲ့ သံပရာရည်ဖျော်သောက်တာ တစ်ခွက်တည်းနဲ့ ချက်ချင်းပျောက်ပါတယ်ရှင့်။ အခုက ဆီးသွားရင် ဆီးမအောင့်ဘဲ ဆီးကျန်ပြီး ခဏခဏ ဆီးသွားချင်တာပါရှင့်။ တအားနေရခက်ပါတယ်။ ဘာဆေးတွေ သောက်ရမလဲရှင့်။**

ဆန်ဆေးရည် တစ်ဖန်ခွက်မှာ သကြားဟင်းစားဇွန်းတစ်ဇွန်း၊ ဆားလှော်အနည်းငယ် ထည့်သောက်ပါ။ ညအိပ်ရာဝင်ခါနီးအချိန်တိုင်း ရေများများသောက်၊ ဒူးအထက်ကနေ အောက်ကို ရေလောင်းခြေဆေး နေ့စဉ်ပြုလုပ်ကြည့်ပါ။ အပူတွေ အောက်ကိုဆင်းပြီး ဆီးကောင်း၊ မျက်စိကြည်လာပါလိမ့်မယ်။

**လေးစားရပါသော ဆရာ။ အကူအညီ တစ်ခုလောက်တောင်းချင်လို့ပါ။ ဦးပဥ္စင်း ဆွမ်းခံကြွတဲ့အခါ ဖိနပ်မစီးရပါ။ ဆောင်းဥတုမှာ ရေမချိုးခဲ့လို့လား မသိဘူး။ ခြေဖဝါးတွေ ကွဲတာ လမ်းတောင်မှ မလျှောက်နိုင်တော့လို့ပါ။ သမားတော်ပြ သောက်ဆေးသောက်ပြီး ညှစ်ဆေး၊ လိမ်းဆေးတွေလည်း လိမ်းပါတယ်။ ကောင်းကောင်း မသက်သာလို့ပါ။ မြန်မာဆေးနည်းတွေရှိရင် ညွှန်ပြပေးပါ ဆရာ။**

အရှင်ဘုရား ညအိပ်ရာဝင်ချိန်မှာ ဒူးအထက်ကနေ အောက် ရေများများလောင်း ခြေဆေးပါ။ နောက်ပြီး ခြေဖဝါးကို ရေခြောက်အောင်သုတ်ပြီး ပျားရည်စစ်စစ်ကို အက်ကွဲကြောင်းရာတွေထဲ စိမ့်ဝင်အောင်လိမ်းပေးပါ။ ပြီးရင် ခြေမျက်စိထိလုံအောင် ပလတ်စတစ်အိတ် ဒါမှမဟုတ် ကြွပ်ကြွပ်အိတ်စွပ်ထားပြီး လေလုံအောင်



စည်းထားပါ။ ညအိပ်ရာဝင်တိုင်း ပျားရည်နဲ့ထုပ်စည်း၊ မနက်အိပ်ရာထမှ ဖြေပါ။ ရက်သတ္တနှစ်ပတ် (၁၄ ရက်) မပျက်ပါစေနဲ့။ ဖနောင့်ကွဲရောဂါ၊ ဖနောင့်အတက်ထွက်နာ၊ ဖနောင့်ကျိုးပေါင်းရောဂါတွေ ပျောက်ကင်းပါတယ်။ လက်တွေ့ပျောက်ကင်းသူတွေ ရှိပါတယ်။ ပျားရည်ဟာ ဖနောင့်ကွဲနာတွေကို ကျက်စေနိုင်ပါတယ်။ ကျိုးပေါင်းကိုလည်း ပျောက်ကင်းစေနိုင်တယ်။

**ဆရာ ကားစီးလို့ မူးပြီးအန်ရင် လက်တွေကပ်တာ ဘယ်လိုလုပ်ရမလဲ ဆရာ။**

ချင်းတက်ကို ထုထောင်းပြီး လက်ဖဝါးထဲ ဆုပ်ပေးပါ။ ကားမူးပြီး အန်တတ်သူတွေ ကားမထွက်ခင် ချင်းကို ပါးပါးလှီးပြီး လျှာအောက်မှာ ငုံထားပါ။ ဒါမှမဟုတ် ဝါးပြီးအရည်ကို တစိမ့်စိမ့်မျိုချပါ။ အအန်သက်သာပါတယ်။

**ဆရာ မင်္ဂလာပါ။ ကျွန်မညီမလေးက ဝမ်းသွားရင် လိပ်ခေါင်းထွက်လာပြီး ပြန်သွင်းမှ ဝင်ပါတယ်။ ပြန်သွင်းရင် နာပါတယ်။ ပိုးသတ်ဆေးသောက်တာ မသက်သာပါ။ နာတာက သုံးလလောက်ရှိပြီ ဆရာ။ ဘာလုပ်ရမလဲ။**

လိပ်ခေါင်းက ပထမအဆင့်မှာ သွေးပါတယ်။ အပြင်ကို မထွက်ပါ။ ဒုတိယအဆင့်မှာ ဝမ်းသွားရင် ထွက်လာပြီး ရေသုံးပြီး ပြန်သွင်းမှ ဝင်ပါတယ်။ တတိယအဆင့်မှာတော့ ပြန်မဝင်ဘဲ အပြင်မှာ အမြဲထွက်နေတာပါ။ ဖြတ်ရမယ့်အဆင့်ပါ။ အခုမေးတာက ဒုတိယအဆင့်ပါ။ ဆားခါးကို ရေနွေးနဲ့ဖျော်၊ ရေအေးရောစပ်ပြီး ဖင်ထိုင်နိုင်တဲ့ အင်တုံ သို့မဟုတ် ပလတ်စတစ်ဇလုံကြီးဝယ်ပြီး ဖင်ထိုင်ပေးပါ။ ဆားခါးဖျော်ရည်နဲ့ စိမ်ပေးပါ။ လိပ်ခေါင်း ပြန်ဝင်နိုင်ပါတယ်။ ပန်းလဲပွင့် (ပရဆေးဆိုင်မှာ မေးဝယ်ပါ) တစ်ဇွန်းကို ရေနွေးမတ်ခွက်တစ်လုံးနဲ့ ပြုတ်ပါ။ အဲဒီအရည်ကို သောက်ပေးရင် လိပ်ခေါင်းသွေးကျသက်သာစေနိုင်ပါတယ်။ ထောပတ်ထမင်းချက်စားပါ။ အပူအစပ်၊ ကောက်ညှင်း၊ မာကျောတဲ့အစာတွေ ရှောင်စားပါ။

**ဆရာ ကျွန်တော့အသက် (၂၆) နှစ်ပါ။ ကွန်ပျူတာနဲ့ အလုပ်လုပ်ပါတယ်။ နှစ်နာရီ လောက်ကြာရင် မျက်စိဝါးနေလို့ ဆားရည်ခတ်ပေးပါတယ်။ ရေရှည်မှာ ဆားရည်ခတ်တာ ကောင်းပါသလားဆရာ။ တခြားနည်းကောင်းတွေရှိရင် ပြောပြပေးပါ။ ကျေးဇူးပါဆရာ။**

အားလပ်တဲ့အချိန်တွေမှာ ကွမ်းရွက်ကို ပြားစေ့အဝိုင်းလောက်ဖဲ့ပြီး မျက်စိထောင့်မှာကပ်ပါ။ မျက်စိအတွင်းက အခိုးတွေထွက်ပြီး ဝါးတာ သက်သာပါလိမ့်မယ်။ မျက်နှာသစ်တိုင်း ရေကို လက်ခုပ်နဲ့ယူပြီး မျက်စိတစ်လုံးစီကို ဆေးကြောပေးပါ။ ရေမှာ မျက်စိကို ဖွင့်ပိတ်လုပ်ပြီး ဆေးပါ။ ညအိပ်ရာဝင်ခါနီး ခြေဖဝါးဆီးပွတ် ဒူးအထက်မှအောက် ရေလောင်းခြေဆေးအိပ်ပါ။

**လိပ်ခေါင်းသွေးကျရောဂါအတွက် ရှားစောင်းလက်ပပ်ကို ဟင်းချိုချက်သောက်ရမယ်လို့ ဆရာရေးသားထားတာ ဖတ်ဖူးပါတယ်။ ရှားစောင်းလက်ပပ် (တဇောင်းလက်ပပ်)ကို ဘယ်လို ဟင်းချိုချက်ရမယ်ဆိုတာ ချက်နည်းသိချင်ပါတယ်။**

ရှားစောင်းလက်ပပ်ဟင်းချိုချက်နည်းက ဘူးသီးဟင်းခါးချက်သလိုပါပဲ။ ပထမ ရေနွေးဆူအောင်တည်ထားပြီး ရေဆူလာတော့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ပုစွန်ခြောက် ထောင်းထည့်ခတ်ပြီး ဟင်းရည်အိုးတည်ထားလိုက်ပါ။ ဆူပွက်ပြီးတဲ့အခါ ရှားစောင်းလက်ပပ်ကို အခွံအစိမ်းတွေခွာပြီး အလယ်က အသားတွေကို မထူမပါးလေးတွေလှီးဖြတ်ပြီး ထည့်လိုက်ပါ။ ဟင်းအိုးချခါနီးမှာ ငရုတ်ကောင်းမှုန့်အနည်းငယ်ထည့်ပြီး ခဏအုပ်ထားလိုက်ပါ။ ဟင်းရည်မှာ ချွဲနေတာ၊ ခါးနေတာ မရှိပါ။ ရှားစောင်းလက်ပပ်အဖတ်လေးတွေနဲ့ သောက်လို့ကောင်းပါတယ်။ လိပ်ခေါင်းသွေးကျ၊ မီးယပ်ဖြူဆင်း၊ မီးယပ်မမှန်၊ သွေးပူနာ၊ သွေးဆုံးနာ၊ ဥတုကူးချောင်းဆိုး၊ ပါးစပ်အပူကန်နာ၊ အစာအိမ်လေပူနာတွေနဲ့ သင့်တော်ပါတယ်။

**သမီးအမေရဲ့ နှာခေါင်းက စူးရှတဲ့အနံ့တစ်ခုခုရရင် အဆက်မပြတ် နှာချေပါတယ်။ အထူးသဖြင့် မနက်မိုးလင်းအိပ်ရာထချိန်နဲ့ ညမိုးချုပ်အိပ်ခါနီးအချိန်မှာ နှာချေတတ်ပါတယ်။ နှာချေရင် နှာခေါင်းတွေ နီရဲလာပြီး နှာရည်တွေပါကျလာတတ်ပါတယ်ရှင့်။ တစ်ခါတစ်ခါ နှာချေရင် ၁၀ ခါထက်မနည်း ချေပါတယ်။ ဆရာရဲ့ဆေးနည်း ရေနွေးနဲ့ ဆားငွေ့ရှူနည်းကိုလည်း ပြုလုပ်ပြီးပါပြီ၊ မသက်သာပါရှင့်။ ဆေးနည်းကောင်းလေးတွေ ပေးစေလိုပါတယ်ရှင့်။**

နံ့သာဖြူတုံး၊ ကရမက်တုံး၊ နလင်ကျော်တုံး သုံးမျိုးကို ဓားနဲ့ခြစ်ပြီး အမှုန့်တွေရအောင် ပြုလုပ်ပါ။ အဲဒီအမှုန့်သုံးမျိုးကို စလောင်းဖုံးမှာ မီးခဲထည့်ပြီး ဖြူးချ၊ အငွေ့ကိုရှူပေးပါ။ (တစ်နည်း) တိုင်းရင်းဆေးအမှတ် (၄၃) (အကင်းဆယ်ပါးဆေးမှုန့်) ဝယ်ပြီး မှိုင်းရှူပေးပါ။ ညအိပ်ရာဝင်ခါနီး အုန်းဆီကို အနည်းငယ်ပူအောင် မီးနဲ့ နွေးပြီး ဦးခေါင်းငယ်ထိပ်နဲ့ ခြေဖဝါးတို့မှာ လိမ်းပြီးအိပ်ပါ။ နှာချေ တဖြည်းဖြည်း သက်သာလာပါလိမ့်မယ်။

**ဆရာရှင့်၊ သမီးအသားတွေက တအားပူတယ်ရှင့်။ ပိန်လည်းပိန်ပါတယ်။ ဝချင်လို့ အားဆေးတွေ ဝယ်သောက်ပါတယ်။ ဝမလာပါဘူးရှင့်။ နည်းလမ်းလေးတွေရှိရင် ညွှန်ပြပေးစေလိုပါတယ်ရှင့်။**

ဝဖို့ အားဆေးတွေ မသောက်ပါနဲ့။ ဆေးတိုင်းမှာ ဘေးထွက်ဆိုးကျိုးရှိတတ်ပါတယ်။ အပူငြိမ်းအောင်လုပ်၊ အသားအရေအေးရင် ဝလာတတ်ပါတယ်။ အသားအရေအေးအောင် ရှားစောင်းလက်ပပ်အနှစ်ကို သကြားအနည်းငယ်နဲ့ ခေါက်စားပါ။ နွားနို့ကို နို့အေးပြုလုပ်ပြီး နေ့စဉ်သောက်ပါ။ ရေများများသောက်ပါ။ ဖီးကြမ်းငှက်ပျောသီး၊ အာလူး၊ ရွှေကန်စွန်းဥတွေ စားပေးရင်လည်း ဝလာနိုင်ပါတယ်။

**လေးစားရပါသော ဆရာခင်ဗျာ၊ ကျွန်တော့်အသက် (၃၀) ကျော်ပါပြီ။ အခုအချိန်ထိ ပါးပေါ်မှာ ဝက်ခြံတွေထွက်နေဆဲဖြစ်ပါတယ်။ ဝက်ခြံတွေပျောက်ကင်းအောင် ဘယ်လိုလုပ်ရမလဲ ခင်ဗျာ။**

သံပရာသီးအရည်နဲ့ ပျားရည်ရောလိမ်းထားပြီး နာရီဝက်လောက်ကြာမှ မျက်နှာသစ်ပါ။ ဆန်ဆေးရည်နဲ့ သနပ်ခါးရောသွေးပြီး ညအိပ်ရာဝင် လိမ်းအိပ်ပါ။ ချဉ်၊ ငန်၊ စပ်အရသာတွေ ရှောင်စားပါ။ ညအိပ်ခါနီး ဒူးအထက်ကနေအောက် ရေလောင်းခြေဆေးအိပ်ပါ။ ဝမ်းမှန်အောင် ဂရုစိုက်ပါ။ ညအိပ်ရာဝင်ချိန်မှာ မန်ကျည်းမှည့်ဖျော်ရည်သောက်ပေးပါ။ ဝမ်းမှန်ရင် ဝက်ခြံအထွက်နည်းပါတယ်။

**ဆရာကြီးရှင့် ခေါင်းကိုက်ဇက်ကြောထိုးတာ အမြဲဖြစ်လို့ ဘာဆေးသောက်ရမလဲရှင့်။**

သံပရာရည်နဲ့ ပျားရည်စပ်သောက်ပါ။ ထမင်းကို အချိန်မှန်မှန်နဲ့ ပူပူနွေးနွေးစားပါ။ စာရေး၊ စာဖတ် အာရုံစိုက်တဲ့အလုပ်ကို နှစ်နာရီထက် ပိုမလုပ်ပါနဲ့။ အနားပေးပြီးလုပ်ပါ။ သက်သာလာပါလိမ့်မယ်။

**ကျွန်မ ဘယ်ဘက်ခြေထောက် ခြေမအောက်မှာ တဆစ်ဆစ် နာနေပါတယ်။ ရောင်လည်း ရောင်နေပါတယ်။ ခြေစွယ်ငုပ်တာလားမသိဘူး၊ အောက်မှာ ပြည်ရှိနေတယ်လို့ ထင်ပါတယ်။ ဘာလုပ်ရင် ကောင်းမလဲဆိုတာ ပြန်ဖြေပေးစေလိုပါတယ်။**

ခြေစွယ်ငုပ်ရင် ဒန်းကြီးရွက်ကိုထောင်းပြီး အုံစည်းပေးရပါတယ်။ ဒန်းကြီးရွက်မရှိရင် လက်ဖက်နဲ့ ဆားခါးရောနယ်ပြီး အုံပေးရင် ပြည်စုပ်ပါတယ်။

**ဆရာခင်ဗျာ ကျွန်တော် ဗိုက် ခဏခဏအောင့်ပါတယ်။ အစာစားပြီး ခဏကြာရင် အောင့်လာပါတယ်။ ရင်ညွန့်ကနေ နံရိုးတွေထိအောင့်ပြီး တစ်ခါတစ်ရံ နောက်ကျော်ထိ အောင့်ပါတယ်။ ဘာဆေးသောက်ရမလဲ ခင်ဗျာ။**

ပျားရည်နဲ့ နနွင်းရောစပ်နယ်ပြီး ဆီးစေ့လောက် အလုံးလုံးထားပါ။ ထမင်းစားပြီးတိုင်း နှစ်လုံး၊ သုံးလုံး သောက်ပေးပါ။ ချင်းလက်နှစ်ဆစ်လောက်ကို ရေနွေးမတ်ခွက်တစ်ဝက်နဲ့ပြုတ် ပျားရည်တစ်ဇွန်းထည့်ဖျော်ပြီး ထမင်းစားပြီးတိုင်း သောက်ပေးရင်လည်း ကောင်းပါတယ်။ အစာကို အဝမစားပါနဲ့။ လျှော့ပြီး တစ်နေ့သုံးကြိမ်လောက် ခွဲစားပါ။ ပူနွေးတဲ့အစာကို စားပါ။ အေးစက်တဲ့အစာနဲ့ ကောက်ညှင်းကို ရှောင်ပါ။

# မအိမ်ကံဝတ္ထုကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ယခုနှစ်အတွင်း ပုံဖော်ရိုက်ကူးသွားမည်

စာရေးဆရာမ ခင်ခင်ထူး၏ နာမည်ကြီးဝတ္ထုတစ်ပုဒ်ဖြစ်သည့် မအိမ်ကံဝတ္ထုကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ငြိမ်းမင်းက ယခုနှစ်အတွင်း ရိုက်ကူးပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက အခြားဇာတ်လမ်းတွဲတွေထက် ကုန်ကျစရိတ်ပိုများမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဇာတ်က မြန်မာမှုတော်တော်များများပါတဲ့အတွက် အဲဒါတွေကို လိုက်ရှာရတယ်။ စုဆောင်းရတယ်။ ရိုက်မယ့်နေရာတွေဆိုလည်းဒီလိုပဲ။ ခုလောလောဆယ် မြင်းခြံဘက်ကိုတော့ သွားကြည့်ပြီးပြီ"ဟု ဒါရိုက်တာ ငြိမ်းမင်းက ပြောသည်။

၁၉၂၀ ခုနှစ်ဝန်းကျင်က ဇာတ်လမ်းကို အခြေတည်ပြီး ရိုက်ကူးရမည့်ဇာတ်ကားဖြစ်သည့်အတွက် ဇာတ်ကျောရိုးတွင်ပါဝင်သည့် ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများမှာ မူလပုံသဏ္ဌာန်များမရှိတော့သည့်အတွက် မည်သည့်နည်းဖြင့် ပြင်ဆင်ရိုက်ကူးလျှင် အဆင်ပြေနိုင်မည်ကို တိုင်ပင်ဆွေးနွေးနေကြသည့်အပြင် ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင် မအိမ်ကံ ဇာတ်ရုပ်နေရာနှင့် ဇာတ်ကိုပံ့ပိုးမည့် အခြားဇာတ်ရုပ်နေရာများအတွက်လည်း သရုပ်ဆောင်များကို သေချာရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

"ဒီဇာတ်က ပရိသတ်ကြားမှာ တော်တော်လေးသြဇာကြီးတဲ့ ဇာတ်လမ်းဖြစ်တဲ့အတွက် သေချာပြင်ဆင်ရပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ပါဝင်မယ့် သရုပ်ဆောင်တွေကိုတော့ ကျွန်တော်တို့ သေချာရွေးချယ်သွားမှာပါ။ အဓိကတော့ ဒီဇာတ်လမ်းအတွက် အချိန်သေချာပေးနိုင်မယ့် သရုပ်ဆောင်တွေနဲ့ပဲ ရိုက်ကူးမှာပါ။ မအိမ်ကံ နေရာအတွက် စိတ်ဝင်စားနေကြတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေ ကျေနပ်ပြီး စိတ်ချမ်းသာရမှာပါ"ဟု ဦးငြိမ်းမင်းက ထပ်မံပြောပြခဲ့သည်။



အဆိုပါ ဇာတ်လမ်းတွဲကို ယခုနှစ်အတွင်း ရိုက်ကူးသွားမည်ဖြစ်ပြီး MRTV-4 ရုပ်သံမှ အပိုင်း(၄၀)ဖြင့် ပြသသွားမည်ဖြစ်သည်။ ပါဝင်မည့် သရုပ်ဆောင်အရေအတွက်ကိုလည်း မူရင်းဇာတ်လမ်းတွင်ပါဝင်သည့် အရေအတွက်အတိုင်း ထည့်သွင်းသွားမည်ဖြစ်ပြီး နိုင်ငံကျော်အနုပညာရှင်များနှင့် MRTV-4 မှ သရုပ်ဆောင်များဖြင့် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**မေနှင်းဆီ**

■

# လေဒီဂါဂါရဲ့ မှတ်တမ်းရုပ်ရှင် စမ်းသပ်ထုတ်လွှင့်

ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါရဲ့ မှတ်တမ်းရုပ်ရှင်သစ် "GaGa: Five Foot Two" ရဲ့ အစမ်းရုပ်ရှင်ကိုတော့ လတ်တလောမှာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ပြသခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ပေါ့ပ်ကြယ်ပွင့်ရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို လှစ်ဟပြသွားမယ့်ရုပ်ရှင်ဖြစ်ပြီး နက်ဖ်လစ်ဖ်က တာဝန်ယူထုတ်လုပ်ဖြန့်ချိပေးသွားမှာဖြစ်ပါတယ်။

လေဒီဂါဂါက ပြီးခဲ့တဲ့ ဩဂုတ် ၂၄ ရက်မှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတွေဖြစ်ကြတဲ့ အင်စတာဂရမ်နဲ့ တွစ်တာစာမျက်နှာတွေပေါ်ကနေတစ်ဆင့် "GaGa: Five Foot Two" အတွက် အစမ်းရုပ်ရှင်ကို စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။

"GaGa: Five Foot Two"ရဲ့ အစမ်းရုပ်ရှင်မှာတော့ တရှိုက်ရှိုက်ငိုကြွေးနေတဲ့ လေဒီဂါဂါကို တွေ့မြင်ရပါတယ်။ ဒီလိုမျက်ရည်တွေကြားကနေ ပေါ့ပ်ကြယ်ပွင့်က "ကျွန်မက တစ်ယောက်တည်း အထီးကျန်ပါတယ်။ ညတိုင်းပဲပေါ့။ လူတွေအားလုံးဟာကျွန်မအနားကနေ ထွက်သွားကြမှာပါပဲ။ သူတို့တွေ ထွက်သွားကြပြီး ကျွန်မတစ်ယောက်တည်းအိမ်မှာ ကျန်ခဲ့ရမှာပါ။ ကျွန်မကိုထိခိုက်ခံစားရအောင် လုပ်တဲ့သူတွေ၊ ကျွန်မနဲ့ တစ်နေ့လုံး စကားတွေပြောနေတဲ့သူတွေဆီကနေ ထွက်သွားပြီး နောက်ဆုံးမှာတော့ လုံးဝတိတ်ဆိတ်သွားမှာပါ"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ယင်းမှတ်တမ်းရုပ်ရှင်ကိုတော့ ဒါရိုက်တာ ခရစ်မူကာဘဲလ်က တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ပြီး ဒီလိုဖန်တီးခွင့်ရခဲ့တဲ့အတွက် အလွန်ဝမ်းသာဂုဏ်ယူကြောင်းလည်း ပြောကြားခဲ့ပါတယ်။ မူကာဘဲလ်က ဒီလိုရိုက်ကူးခွင့်ရခဲ့တာဟာ သူ့အတွက်တော့ အလွန်ရှားပါးတဲ့အခွင့်အရေးတစ်ခုကို ရရှိခဲ့တာဖြစ်ကြောင်း၊ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးရဲ့ ဘဝပုံရိပ်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ နှလုံးသားထဲကခံစားကာ ကြယ်ပွင့်ရဲ့ ပုံတူကို ဖန်တီးခွင့်ရခဲ့တာဖြစ်ကြောင်းနဲ့ လေဒီဂါဂါအနေနဲ့ သူ့ရဲ့အမြင်နဲ့ အရည်အချင်းပေါ်မှာ ယုံကြည်ခဲ့တဲ့အတွက်လည်း တကယ်ကို ကံကောင်းသူတစ်ဦးဖြစ်တယ်လို့ ခံစားရကြောင်း ဖွင့်ဟပြောကြားခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ဟာ ကမ္ဘာတစ်ဝန်းကို လာမယ့် စက်တင်ဘာ ၂၂ ရက်မှာ နက်ဖ်လစ်ဖ်ကနေတစ်ဆင့် စတင်ဖြန့်ချိပေးသွားမှာဖြစ်ပြီး ဒီလိုတရားဝင်မထုတ်လွှင့်မီ ယင်းရုပ်ရှင်ကို တော်ရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ စမ်းသပ်ထုတ်လွှင့်ပြသသွားဖို့ စီစဉ်ထားကြောင်းလည်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



## ပရိသတ်တွေကို ကိုယ်တိုင်ကိုယ်ကျလက်ဆောင်ပေးခဲ့တဲ့ G-Dragon

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G-Dragon ဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ထားပြီး ယင်းတေးအယ်လ်ဘမ်အတွက် ဖျော်ဖြေမှုတွေကို ဆက်တိုက်ဆိုသလို ပြုလုပ်နေတာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲတွေအနက်ကမှ ယခုသီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ G-Dragon က သူ့ရဲ့ပရိသတ်တွေကို သူကိုယ်တိုင်လက်ဆောင်တွေ တစ်ဦးချင်းစီပေးအပ်ခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

G-Dragon ဟာ လက်ရှိမှာ ဂျပန်နိုင်ငံကို ရောက်ရှိနေတာဖြစ်ပြီး သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "ACT lll: Motte" အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ကျင်းပနေတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ အိုဆာကာမြို့မှာ ပြုလုပ်ခဲ့တဲ့ ဒုတိယမြောက်ဖျော်ဖြေပွဲမှာတော့ G-Dragon က သူ့ကိုစောင့်ဆိုင်းနေတဲ့ ပရိသတ်တစ်ယောက်ချင်းစီကို အနီရောင်နှင်းဆီပန်းတစ်ပွင့်စီ ကိုယ်တိုင်ကိုယ်ကျလက်ကမ်းကာ ပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလိုပရိသတ်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံကာ လက်ဆောင်ပေးရခြင်းဟာ G-Dragon အနေနဲ့ အားပေးတဲ့ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုတဲ့အတွက် ပြုလုပ်ခဲ့တာလည်း ဖြစ်ပါတယ်။

နိုင်ငံတွင်းမှာသာမက အာရှဒေသတွင်းမှာပါ အောင်မြင်မှုရရှိနေပြီဖြစ်ပေမယ့် G-Dragon ဟာ သူ့အတွက် ပရိသတ်တစ်ဦးချင်းစီရဲ့ အရေးပါမှုကို တန်ဖိုးထားဖော်ပြလိုတဲ့အတွက် ယခုလို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုအပြုအမူဟာ ပေါ့ပ်ကြယ်ပွင့်ရဲ့ ကြင်နာတတ်တဲ့၊ နှိမ့်ချတတ်တဲ့ အပြုအမူကို ဖော်ပြနေတာဖြစ်ပြီး သူ့အနေနဲ့ ပရိသတ်တွေကို ဘယ်လောက်အတိုင်းအတာအထိ တန်ဖိုးထားကာ ကျေးဇူးတင်ရှိကြောင်းကိုလည်း ဖော်ပြနေတာဖြစ်ပါတယ်။

ပရိသတ်တွေကို ပေးအပ်ခဲ့တဲ့ နှင်းဆီပန်းတွေမှာ ဆူးတွေအားလုံးကို ဖယ်ထားခဲ့ပြီးဖြစ်ကြောင်း၊ G-Dragon အနေနဲ့ ဒီလိုတစ်ဦးချင်းစီတွေ့ဆုံကာ နှင်းဆီပန်းပေးခဲ့တဲ့ ပရိသတ်အရေအတွက်ကတော့ ၈၀ ခန့်ရှိကြောင်းနဲ့ ယင်းအပြုအမူဟာ စကားလုံးပေါင်းများစွာထက် ပိုမိုထိရောက်ခဲ့တာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားဖော်ပြခဲ့ပါတယ်။

# တေလာဆွစ်ရဲ့ တေးသီချင်းသစ် စတင်ထုတ်လွှင့် တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက် ကြေညာ

ကမ္ဘာကျော် အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ ပရိသတ်တွေ ရင်ထဲစွဲနစ်ဝင်ရောက်စေခဲ့တဲ့ တေးသီချင်းသစ်များစွာကို ဖန်တီးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် တေလာဆွစ်ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိတာကြောင့် ပရိသတ်တွေအနေနဲ့ တေလာရဲ့ တေးသီချင်းသစ်တွေကို မျှော်လင့်တကြီးစောင့်စားနေခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ တေလာဆွစ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့ တေးသီချင်းသစ် ထုတ်လွှင့်မယ့်ရက်တွေကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီဖြစ်ပါတယ်။

တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်ကိုတော့ "Reputation"လို့ အမည်ပေးထားပြီး လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ကိုတော့ ပြီးခဲ့တဲ့ ဩဂုတ် ၂၄ ရက်က စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Look What You Made Me Do"လို့ အမည်ပေးထားတဲ့ တေလာဆွစ်ရဲ့ တေးသီချင်းသစ်ကိုတော့ အမေရိကန်ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Good Morning America"မှာ စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းကို သူ့ရဲ့သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဂျက်ခ်အန်တိုနော့ဖ်က ကူညီရေးစပ်ပေးခဲ့တာဖြစ်ပြီး တေးသီချင်းစာသားတွေအရ တေလာက သူ့ကို မုန်းတီးကြတဲ့ သူတွေကို တုံ့ပြန်ရေးသားထားတဲ့စာသားတွေ ပါဝင်နေတာလည်း တွေ့ရပါတယ်။

တေးအယ်လ်ဘမ်သစ်အတွက် အစမ်းထုတ်လွှင့်မှုတွေကို ပြုလုပ်ခဲ့ရာမှာ တေလာက ဒေါသထွက်နေတဲ့ မြွေတစ်ကောင်ရဲ့ဗီဒီယိုကိုထုတ်လွှင့်ပြသခဲ့တာကြောင့် လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး ဝေဖန်သံတွေ ဆူညံနေခဲ့ပါတယ်။ တေလာဟာ တေးအယ်လ်ဘမ်သစ်မှာ သူနဲ့တစ်ချိန်က ပြဿနာတွေရှိခဲ့တဲ့ အဆိုတော် ကန်းရီဝက်စ်ထ်နဲ့ ဇနီးဖြစ်သူ ကမ်ကာဒါးရှီးရန်းတို့အကြောင်းတွေကို ထည့်သွင်းရေးသားထားတဲ့ တေးသီချင်းတွေ ပါဝင်နေမှာဖြစ်တယ်လို့လည်း ဝေဖန်ခဲ့ကြပါတယ်။

လူမှုကွန်ရက်မီဒီယာကို အသုံးမပြုတာအတော်ကြာခဲ့ပြီဖြစ်ကာ တေးအယ်လ်ဘမ်သစ်အတွက် အရောင်းမြှင့်တင်ရေးနဲ့ မိတ်ဆက်ခြင်းလုပ်ငန်းတွေကို အွန်လိုင်းမီဒီယာကနေတစ်ဆင့် လုပ်ဆောင်သွားဖို့အတွက် ပြန်လည်အသုံးပြုလာတဲ့ တေလာဆွစ်ကတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ထုတ်လွှင့်မယ့်ရက် ကြေညာရာမှာလည်း နောက်ခံကို အမည်းရောင်ခြယ်ထားတာ တွေ့ရပါတယ်။ ဒါ့အပြင် သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်မှာ သူ့ကိုဖောလိုးပြုလုပ်ထားတဲ့ ပရိသတ်တွေအားလုံးကိုလည်း ဖျက်သိမ်းပစ်ခဲ့ကြောင်းလည်း သိရပါတယ်။

"Reputation" တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ "1989" တေးအယ်လ်ဘမ်ပြီးနောက် ပထမဆုံးပြန်လည်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး တေလာဆွစ်ရဲ့ ခြောက်ခုမြောက် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

**အေးပြည့် – စုစည်းသည်**






ထီပေါက်ဝန်ဆောင်မှု
အိမ်ခြံမြေ / အိမ်ငှားလုပ်ငန်း
ပြုပြင် / နယ်ဝေး
09-254256969
09-971322259

# Victoria University College
## Alumni Reunion & Job Fair 2017

VUC - အမှတ် ၁၆၆၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower)၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
01 383132, 383133, 09 5127300, 09 5104748


# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၅/၂၀၁၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း(၁)ခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရေး/လုပ်ငန်းဆောင်ရွက်ရန်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-062(17-18) | Spares for Cummins Engine (KTA-230C-1050) (29)Items | Ks |
| (ခ) | DMP/L-063(17-18) | Spares for 273KW Caterpillar Gas Engine Lighting Set(1)Item | Ks |
| (ဂ) | DMP/L-064(17-18) | Spares for Oxygen Plant(4) Items | Ks |
| (ဃ) | Container(2/2017) | ကွန်တိန်နာ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်းသို့ အသွား/အပြန်) (၁-၁၀-၂၀၁၇ ရက်မှ ၃၁-၃-၂၀၁၈ ရက်ထိ ၆လအတွက်) | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၉-၂၀၁၇ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

# အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) (၄)ခန်းတွဲ (၈)ထပ်တိုက်(၂၇)လုံး အခန်းပေါင်း (၈၆၄)ခန်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါတိုက်ခန်းများအား ဝယ်ယူရန်အတွက် လျှောက်လွှာ ၅၇၅၂စောင် လက်ခံရရှိထားပြီးဖြစ်ပါသည်။

၂။ အဆိုပါ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်)ရှိ တိုက်ခန်းများအား အများပြည်သူရှေ့မှောက်တွင် အောက်ပါအစီအစဉ်အတိုင်း မဲဖောက်ရောင်းချမည်ဖြစ်ပါ၍ တိုက်ခန်းလျှောက်ထားသူများ ကိုယ်တိုင်တက်ရောက်နိုင်ပါရန် အသိပေးအပ်ပါသည်-

(က) အစိုးရဝန်ထမ်း၊ အစိုးရဝန်ထမ်း(အငြိမ်းစား) - ၇-၉-၂၀၁၇ရက်
ကုမ္ပဏီဝန်ထမ်း - နံနက် ၁၀း၀၀နာရီ မြို့တော်ခန်းမ (ပထမထပ်)

(ခ) အများပြည်သူ - ၈-၉-၂၀၁၇ရက်
နံနက် ၁၀း၀၀နာရီ မြို့တော်ခန်းမ (ပထမထပ်)

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






# အမြန်ရောင်းမည်

တ/ဥက္ကလာပမြို့နယ်၊ ရတနာလမ်းမကြီးနှင့် သံသုမာလမ်းမကြီးအနီး၊ ကညန (လိုင်စင်ရုံးအနီး) ပေ ၂၀×၅၅၊ မြေညီထပ်+ထပ်ခိုးပါ (၂)ထပ် မှတ်တိုင်နီး၊ ဈေးနီး၊ ကျောင်းနီး၊ ဆောက်လုပ်ခွင့်(BCC)ကျပြီး၊ တိုက်သစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ကားပါကင်(၂)စီးစာ

**ဖုန်း-၀၉-၄၅၈၁၁၁၆၁၇**

# Taxi ငှားမည်

အိမ်ပေးငှားမည်။

**ဆက်သွယ်ရန်**

ဖုန်း- ၀၉-၅၁၂၀၄၀၂၊ ၀၉-၉၇၂၀၄၁၂၆၀

"ရွှေစည်"
**လုပ်သားပေါ် ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။**
09-73122029, 09-795669534

# ရောင်းမည်/ငှားမည်

၁။ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ လမ်းမကြီးဘေးတွင် လက်ရှိတည်းခိုခန်းလုပ်ကိုင်နေသော ၂ထပ်တိုက်နှင့် မြေငှားမည်။ (လုပ်ငန်းကောင်း)

၂။ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ အတွင်းလမ်းကျယ်တွင် တည်ရှိသော RC ၃ထပ်တိုက် (သင်တန်းကျောင်း၊ တည်းခိုခန်း၊ အဆောင်ဖွင့်ရန်သင့်လျော်) ငှားမည်/ရောင်းမည်။

**ဖုန်း-၀၉-၇၉၃၆၆၅၆၆၀၊ ၀၉-၄၂၂၄၅၀၈၁၃၊ ၀၉-၂၆၀၂၆၀၄၇၇**

# အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၃၁၂)၊ မြေကွက်တည်နေရာအမှတ်(၃၁၂)၊ မြနန္ဒာလမ်းမ၊ (၈)ရပ်ကွက်၊ သာကေတ၊ ဒေါ်သိန်းကြည်[၁၂/သကတ(နိုင်)၁၀၂၉၅၉] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဒေါ်သိန်းကြည်အမည်ပေါက် မြေအားအမည်ပေါက်ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၅၉၆၈/၂၀၁၆) (၂၄-၁၀-၂၀၁၆)ဖြင့် ပိုင်ဆိုင်သူဦးအောင်သန်း[၁၂/သကတ(နိုင်)၀၈၆၅၃၃]မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုထုတ်ပေးမည်ဖြစ်၍ မြေငှားစာချုပ်အမှတ်သကတ/၈/၀၃၅၅/၉၃(၂၂-၁၁-၁၉၉၃)ဖြင့် မူလကထုတ်ပေးထားသည့် ဒေါ်သိန်းကြည်အမည်ပေါက် မြေငှားစာချုပ်(နှစ်၆၀ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့်[၅/ဝလန(နိုင်)၁၂၅၉၀၄]နှင့် အများသိစေရန်ကြေညာခြင်း

ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့်[၅/ဝလန(နိုင်)၁၂၅၉၀၄]၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လှတောရွာ နေထိုင်သူသည် Dairy Myanmar Network Co.,Ltd.၏ မန္တလေးရုံးခွဲမှ တာဝန်ခံမန်နေဂျာဖြစ်ပြီး ကုမ္ပဏီသို့ ဩဂုတ်လ ၃ရက်၊ ၂၀၁၇မှစ၍ ရုံးသို့လာရောက်ခြင်းမရှိသည့်အပြင် ကုမ္ပဏီ၏ အရောင်းငွေများဖြစ်သော ကျပ်သိန်း ၆၀၀ကျော်ခန့်ကို ကုမ္ပဏီသို့ ပြန်လည်အပ်နှံခြင်းမရှိပါသဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ ဩဂုတ်လ ၂၈ရက်နောက်ဆုံးထားပြီး ကုမ္ပဏီသို့လာရောက်ဖြေရှင်းပေးပါရန်နှင့် ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့်[၅/ဝလန(နိုင်)၁၂၅၉၀၄]သည် ယနေ့မှစ၍ Dairy Myanmar Network Co.,Ltdနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါကြောင်းနှင့် ကုမ္ပဏီအနေဖြင့်လည်း တရားဥပဒေအရ ထိထိရောက်ရောက် တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပြီး ပြည့်ဖြိုးအောင်(ဘ)ဦးကျော်မြင့်[၅/ဝလန(နိုင်)၁၂၅၉၀၄]အားတွေ့ရှိပါက ကုမ္ပဏီသို့ သတင်းပေးကူညီသူအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

Dairy Myanmar Network Co.,Ltd.

## သုညတမွှတောရမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆောက်လုပ်နေပါပြီ

ရဟန်းရှင်လူယောဂီများ ပရိယတ်ပဋိပတ်ဓူရနှစ်ဖြာ ကျင့်ကြံအားထုတ်နိုင်ကြရန်အတွက် ဆရာတော် သာသနာပြုနိုင်ရန်အတွက်၊ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး၊ (၁၅)မိုင်တိုင်၊ လှေလှော်အင်း၌ သာသနာ့ နယ်မြေ (၁၂) ဧကမှာ သုညတမွှတောရမိုးကုတ်ဝိပဿနာဓမ္မရိပ်သာတည် ဆောက်၍ သာသနာပြုနိုင်ရန်အတွက် သာသနာ့ရိပ်သာမြေနေရာ၌ အမှန်တကယ်တရားရလို၍ ရာသက်ပန်တရားအားထုတ်လိုသောယောဂီများ ဝါတွင်း (၃)လ၊ (၄၅)ရက်၊ (၁၅)ရက်၊ (၉)ရက်တရားအားထုတ်လိုသော ယောဂီများအတွက် အဆောင်ပေါင်း(၁၅၀)ကျော် တည်ဆောက်မည်ဖြစ်ပါသည်။ သိမ်၊ ကျောင်း၊ ဘုရား၊ စေတီ၊ ဓမ္မာရုံ၊ နှစ်ထပ်ဆောင်၊ တစ်ယောက်တစ်ပါးဆောင်၊ တစ်ယောက်တစ်ပါးခန်း၊ လမ်း၊ ဆွမ်းစားဆောင်၊ ဆေးခန်း၊ လူနာတင်ကား၊ တရားစခန်း တရားရိပ်သာအတွက် အမှန်တကယ်လိုအပ်နေ၍ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လှူဒါန်းနိုင်သော အဆောင်များမှာ-

| | | |
|---|---|---|
| ၁။ မိဘရိပ်သံဃာတော်များသီးသန့်အဆောင် | -ပေ၆၀×၂၀ | =သိန်း ၄၀၀ |
| ၂။ တစ်ယောက်/တစ်ပါးဆောင် | -ပေ၂၀×၂၀ | =သိန်း ၈၀ |
| ၃။ အမျိုးသား/အမျိုးသမီးအခန်း | -ပေ၂၀×၁၅ | =၄၅ သိန်း |
| ၄။ ဆွမ်းစားကျောင်းဆောင် | -ပေ၂၀၀×၁၀၀ | =သိန်း၅၀၀ |
| ၅။ အုတ်တံတိုင်း(ခြံစည်းရိုး) | -ပေ၁၀×၁၀ | =၅သိန်း |
| ၆။ ကုဋီ(အိမ်သာ)တစ်လုံး | - | =၅သိန်း |
| ၇။ လူနာတင်ကား | - | =သိန်း၃၀၀ |
| ၈။ မီးစက်ကြီး KVA (60) | - | =သိန်း၁၅၀ |
| ၉။ မီးအတွက် Power Transformer(ပါဝါထရန်စဖော်မာ) | - | =သိန်း၂၅၀ |

၁၀။ လမ်းတစ်ခုလုံး အလှူရှင်ရပါပြီ။

**လှူဒါန်းနိုင်သောနေရာများ**

**သုညတမွှမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ (၇)အနောက်ရပ်ကွက်၊ မြခွာညိုအိမ်ရာရှေ့၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဇီနမာရ်အောင်စေတီ၏ မြောက်ဘက်မုခ်ဦးမှ ဝင်ပါ။**

**ဆရာတော်ဖုန်း-၀၉-၅၁၇၉၃၄၃၊ ၀၉-၄၃၁၆၇၉၉၇၊ ၀၁-၄၅၀၂၀၆၊**
**ဓမ္မအကျိုးတော်ဆောင် ဒေါ်လှသိန်း-၀၉-၄၃၁၂၉၁၃၀**

## မြစ်ခြေနယ်အသင်း(ရန်ကုန်)
## စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

မြစ်ခြေနယ်အသင်း(ရန်ကုန်)၏ (စတုတ္ထအကြိမ်)စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ မြစ်ခြေနယ်သူ/နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ ကြွရောက်ပူဇော်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ရက် - | ၁၃၇၉ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်၊ ၃-၉-၂၀၁၇(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် - | နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ |
| ကျင်းပမည့်နေရာ - | ဓမ္မပါလကျောင်း(မြစ်ခြေ)၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| အကျွေးအမွေး - | သံဃာတော်များအားနေ့ဆွမ်းကပ်လှူပြီး ဧည့်သည်များအား နံနက်စာထမင်းဖြင့်ဧည့်ခံပါမည်။ |
| ပါဝင်လှူဒါန်းလိုပါက- | (၁)ဦးဝင်းလှိုင်(ဥက္ကဋ္ဌ) ၀၉-၅၁၆၅၄၈၀၊ (၂)ဦးသောင်းကြည် (အတွင်းရေးမှူး) ၀၉-၄၃၁၆၀၈၉၉နှင့် နီးစပ်ရာအမှုဆောင်များထံ လှူဒါန်းနိုင်ပါသည်။ |

**အမှုဆောင်အဖွဲ့**

## အိမ်/ခြံ မြေရောင်းမည်

အင်းစိန်မြို့နယ်၊ အင်းစိန်ဈေးလမ်းမကြီးပေါ် အောင်ဇေယျလုံးချင်းအိမ်ရာ၊ ခြံအမှတ်(၁၀)၊ ခြံ(၇၀)ပေပတ်လည်၊ အိမ် ၃၅ပေ ပတ်လည် ၂ထပ် RC, MB ၂ခန်း၊ SB ၂ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းကျယ်၊ ကျောင်း/ဈေးနီး၊ ရေ/မီးကောင်း၊ ဂရန်အမည်ပေါက်၊ ဂရန်အမည်ပြောင်းပေးမည်။ လိုင်သာယာစက်မှုဇုန်နီး။

**ဆိုဈေး-သိန်း၂၈၀၀**

**ဖုန်း-၀၉-၉၇၇၈၆၀၅၇၉၊ ၀၁-၈၅၆၆၅၃၆**

## ကယားပြည်နယ်(အရဟံ)ဓမ္မာရုံ

ပဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

## ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီဝင်းအတွင်းရှိ ကယားပြည်နယ်(အရဟံ)ဓမ္မာရုံကြီးတွင် ပဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ကယားပြည်နယ်သူ၊ ပြည်နယ်သားများ၊ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ကျောင်းသူ၊ ကျောင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၁၃၇၉ခုနှစ်၊ တော်သလင်းလဆန်း၁၃ရက် |
| | - | ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၃ရက်၊ (တနင်္ဂနွေနေ့) |
| အချိန် | - | (၀၉း၃၀)နာရီ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် တရားတော်နာယူခြင်း |
| | | (၁၀း၃၀)နာရီ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်း။ |

(သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ကိုယ်တိုင်လှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။)

**ဂေါပကအဖွဲ့**

## မကွေး ဦးအောင်ကျော်စိုး(မောင်မွန်မြတ်၊ ကျေးလက်-မကွေး)

တရားလွှတ်တော်ရှေ့နေ

## ရာဇဝတ်ကျင့်ထုံးဥပဒေ
## နှင့်
## ရာဇဝတ်မှုဆိုင်ရာလျှောက်လွှာ နမူနာများ

(ပထမတွဲ) ရောင်းဈေး-၈၀၀၀ိ/-

ထွက်ပါပြီ


(၅)အုပ်နှင့်အထက် ငွေပို့မှာကြားလျှင် ကားဂိတ်မှတစ်ဆင့်စရိတ်ငြိမ်းပို့ပေးမည်။ အရောင်းဆိုင်များ(၂၀)အုပ်နှင့်အထက် ငွေပို့မှာကြားလျှင်၂၀%လျှော့ဈေးစရိတ်ငြိမ်းပို့ပေးမည်။ မှာကြားသူအမည်၊ မှတ်ပုံတင်အမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ ပေးပို့ရမည့်ကားဂိတ်အမည်တို့တိကျစွာဖော်ပြရန်။

**မွန်မြတ်စာပေ၊ အမှတ်(၂၅၁)၊ (၁၂)လမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့။ဖုန်း-၀၉-၂၅၉၀၃၅၃၃၇၊ ၀၉-၇၉၆၈၉၃၇၈၉**

















## မြေကွက်များဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံ အရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

**ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊**
**၀၉-၂၆၀၆၆၄၄၉၀**


မြန်မာ့ရှေ့ဆောင်ဘဏ်®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
INTEREST DAILY
နေ့စဉ်အတိုးတွက်
INTEREST %
အတိုးနှုန်း ၈.၅%
INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)
Date Code Withdrawal Deposit Balance
01.05.2017 CHD 500,000.00 500,000.00
05.05.2017 CHD 500,000.00 1,000,000.00
15.05.2017 CHW 700,000.00 300,000.00
30.05.2017 CHD 1,000,000.00 1,300,000.00
ယခင်အတိုးတွက်ပုံစံ
အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး
၁၀၀ x ၁၂
= ရရှိမည့်အတိုး
Mayလ အတွက် ခံစားရမည့်အတိုး
၂,၁၂၅ ကျပ်
ယခုအတိုးတွက်ပုံစံ
နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး
၃၆၅
x ရက်ပေါင်း ရက် = ရရှိမည့်အတိုး
Mayလ အတွက် ခံစားရမည့်အတိုး
၄,၄၄၇.၉၅ ကျပ်
MAB Savings
ငွေစုဘဏ်စာရင်း
Callcenter: +95(1)8610612
www.mabbank.com
Scan QR Code with your Smart Phone to Find MAB Branches













**ဒေါ်တင်တင်အေး(ခ)ဒေါ်တင်လေးနွယ်[၁၂/ရကန(နိုင်)၀၁၂၈၅]နှင့်၎င်း၏တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဒေါ်မိုးမိုးအေး(စဉ်-၈၅၅၈) (LL.B,D.B.L.,D.M.L.,D.I.L)၊ ဒေါ်မြင့်မြင့်စန်း(စဉ်-၁၂၀၇၂) (LL.B)တို့၏ (၂၂-၈-၂၀၁၇)ရက်စွဲပါကြေးမုံသတင်းစာကြော်ငြာအချပ်ပို(ခ)တွင်“ဒေါ်ဝင့်”[၁၂/ကမတ(နိုင်)၀၄၃၇၆၉]အား ဂုဏ်သိက္ခာအသရေကိုထိခိုက်နစ်နာစေပြီးမမှန်မကန်ကြေညာချက်နှင့်ပတ်သက်၍အဖြစ်အမှန်များပြန်လည်ရှင်းလင်းတုံ့ပြန်အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင့်[၁၂/ကမတ(နိုင်)၀၄၃၇၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၂-၈-၂၀၁၇)ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာ အချပ်ပို(ခ)ပါ ကြေညာခြင်းအပေါ် အောက်ပါအတိုင်း ဖြစ်ရပ်အမှန်များကို ပြန်လည်တုံ့ပြန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေး(ခ)ဒေါ်တင်လေးနွယ်၏ အမည်ပေါက်ပိုင်ဆိုင်သည်ဟုဆိုသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၉၊ မြေကွက်အမှတ်(၂၆၂)အား“မြေကွက်အရောင်းအဝယ်စာချုပ်”တွင် ကိုယ်တိုင်ရေးသားလက်မှတ်ထိုးပြီး ဒေါ်ပွင့်အား ၁၉၉၈ခုနှစ်ကပင် မူရင်းပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် အပြီးအပိုင် ရောင်းချခဲ့ပြီးသည်ကို ကိုယ်တိုင်သိပါလျက် ဖုံးကွယ်ပြီး မမှန်မကန်ကြေညာနေခြင်းဖြစ်ကြောင်း ပြန်ရှင်းလိုက်ပါသည်။

ဒေါ်တင်တင်အေး(ခ)ဒေါ်တင်လေးနွယ် အဆိုပါမြေကွက်စတင်ရရှိခဲ့သည့် ၁၉၉၇ခုနှစ်မှ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလအထိ မပျောက်ပျက်အောင် ထိန်းသိမ်းထားသည်ဟုဆိုခြင်းမှာ မမှန်ကန်ပါ။ ရောင်းချထားပြီးသော မြေကွက်ဖြစ်ပါသည်။

ဒေါ်ပွင့်ကိုယ်တိုင်စာချုပ်စာတမ်းများဖြင့် ၁၉၉၈ခုနှစ်က ဝယ်ယူထားပြီး ယနေ့တိုင်စာရွက်စာတမ်းမူရင်းများနှင့်အတူ လက်ဝယ်ရှိသူဖြစ်ပါသည်။

လွန်ခဲ့သော (၁၉)နှစ်ကတည်းက အပြီးအပိုင်ဝယ်ယူထားသော ဒေါ်ပွင့်နှင့်သာ အဆိုပါမြေကွက်သက်ဆိုင်ပါသည်။ ဒေါ်ဝင့်နှင့်ကွယ်လွန်သွားသော မိခင်နှင့် သက်ဆိုင်ခြင်းမရှိဘဲ သတင်းစာတွင် ဒေါ်ဝင့်နှင့်ဒေါ်ခင်ညိုညိုအမည်များ ထည့်သွင်းကြေညာခြင်းမှာ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ဂုဏ်သိက္ခာ အသရေကို ထိခိုက်နစ်နာစေသည့်အပြင် စိတ်ပင်ပန်းမှုများ ဖြစ်စေရန် ပြုလုပ်လာခြင်းအား ရပ်တန့်ပေးပါရန် တောင်းဆိုလိုက်ပါသည်။

အဆိုပါ မြေကွက်များနှင့်ပတ်သက်၍ (၇-၈-၂၀၁၇)ရက်စွဲဖြင့် အကြောင်းကြားစာတစ်စောင်၊ ၉-၈-၂၀၁၇ရက်စွဲဖြင့် သတင်းစာတွင်လည်း ရှင်းလင်းထုတ်ပြန်ခဲ့ပြီး၍ ယခုလိုအကြိမ်ကြိမ်ဂုဏ်သိက္ခာထိခိုက်စေရန် မရိုးမဖြောင့်သောသဘောနှင့် ကြေညာခဲ့ခြင်းကို ဤကြေညာချက်ပါရှိသည့် နေ့မှစ၍(၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုလိုက်ပါသည်။

ကျွန်ုပ်မိတ်ဆွေဒေါ်ဝင့်၏ညီမဒေါ်ပွင့်မှ တရားဝင်ဥပဒေနှင့်အညီ စာချုပ်စာတမ်းနှင့်ဝယ်ယူလက်ရှိပိုင်ဆိုင်သော မြေကွက်နှင့်ပတ်သက်၍ မရိုးမဖြောင့်ပြုလုပ်ထားသည်ကို ၂၁-၈-၂၀၁၇ရက်စွဲဖြင့် ကြေးမုံသတင်းစာတွင် အချပ်ပို(ခ)တွင် ဦးရဲလင်းအောင်၏ ပြန်လည်ရှင်းလင်းကြေညာချက်ထားသည်ကိုတွေ့ရှိ၊ ဖတ်ရှုရပါသည်။

ဒေါ်တင်တင်အေး(ခ)ဒေါ်တင်လေးနွယ်မှ မရိုးမဖြောင့်သောပြုလုပ်မှု၊ မမှန်မကန်ပြုလုပ်မှု၊ ပြောဆိုမှု၊ မသက်ဆိုင်သောဒေါ်ဝင့်နှင့်ကွယ်လွန်သူ မိခင်ဒေါ်ခင်ညိုညိုတို့အပေါ် ဂုဏ်သိက္ခာထိခိုက်စေရန် ကြေညာခြင်းများ ဆက်လက်ပြောဆို၊ ကြေညာခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် ကျွန်ုပ်အားညွှန်ကြားပြီးဖြစ်ကြောင်း တုံ့ပြန်အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်ဝင့်[၁၂/ကမတ(နိုင်)၀၄၃၇၆၉]**

**လွှဲအပ်ချက်အရ-**
**ဒေါ်မြမြအေး(B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၃၅)**
**အမှတ်-၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



## ကြော်ငြာ


**မြတ်စေတီ** ခရီးသွားလုပ်ငန်းအဖွဲ့ - အထူး Promotion ခရီးစဉ် "၉၉"

(Nov-1) (Dec-3) (Feb-10) (Mar-3) (Apr-11)

(Oct-15)(Nov-19)(Dec-17)(Jan-21)(Feb-18)(Apr-1)

(HOTEL ၂၂)

(Sept-30) (Oct-15) (Nov-1,18) (Dec-16,31) (Jan-24) (Feb-10,25) (Mar-17) (Apr-8)

(Dec-31) - (HOTEL ၂၂) (အထူး promotion ခရီးစဉ်)

India GSM Simcard, Internet Wifi Free Service, DVD

Ph:09493338595,09788304828,09263125261,09420134528

Ph:0991036589

**ASIA DRAGON**

ချောင်းသာ 12000

ငွေဆောင် 15000

ကျိုက်ထီးရိုး 10000

09-30030030, 09-30030090

**ရွှေပင့်ကူ**

ဘာသာရေးခရီးစဉ်

09-450224339, 09-423720047

**အလင်းရောင်**

30000

09421061860,421129597,774400430

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည် License No(661)

**သာကီနွယ်** ခရီးသွားဘုရားဖူးပို့ဆောင်ရေး

Hot Line - 01-200952

အထူးဈေးနှုန်း(၁၅)ရက် - ၁၁.၅သိန်း (၈)ရက် - ၉.၅သိန်း

ဝန်ဆောင်မှုအပြည့်ဈေးနှုန်းအသက်သာဆုံး

အထူးဈေးနှုန်း ၁၀.၅ သိန်း

Oct - 1,7,14,28 / Nov - 4,11,18,25 / Dec - 2,9,16,24

Jan - 7,20,27 / Feb - 4,10,18,24 / Mar - 4,10,18,24

အထက်ပါနေ့များ ထိုင်းထွက်ရှိသည်

ရန်ကုန် - အမှတ်(၁၅)၁၂၃ လမ်း၊ သိမ်ဖြူကားဂေါက်ကွင်းရှေ့၊ မဂ်လာဘောင်ညွှန့်.မြို့.နယ်။

၀၉-၇၇၈၈၂၂၂၆၀ / မန္တလေး - ၀၉-၇၇၈၈၂၂၂၅၀ / တောင်ကြီး - ၀၉-၇၇၈၈၂၂၂၅၀

**K&H TRAVELS**

All Include


BUY 4 & GET 60 $ DISCOUNT !

SPECIAL-DISCOUNT

K&H TRAVELS

15$

SEPTEMBER , OCTOBER, NOVEMBER    Hot Line : 01 510 338, 09 777 620 470



**ကား** ငှားရန်

Alphard,Hiace

Ph: 09795549249,095418126

09-795546884

**တရုတ်**

Sayar Yang

Great Wall

TAMWE - 540714, 09 5183636

09 420230133

**ENGLISH**

Conversation Practice



Yangon University of Distance Education

YUDE

**KMD** Institute

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။

၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။

၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှစစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။

၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**ထပ်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၈)၊ ထပ်တန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊**

**ထပ်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ စက်တင်ဘာလ (၃၀)ရက်၊ ၂၀၁၇ ခုနှစ်။**

☎ ဆက်သွယ်ရန်ဖုန်း

၀၉- ၂၆ ၂၆၀၀၃၀၁၊ ၀၁-၅၀၁ ၂၄၃၊ ၂၉၁၉၊ ၂၅၊ ၃၉၁ ၂၈၆၊ ၃၉၁ ၂၈၇

၅၀ ၂၂၁၁၊ ၅၀ ၂၂၃၃၊ ၅၄၁၃ ၂၈၊ ၁၈၄ ၂၆၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅

သင်တန်းကြေးများ၊ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးချေနိုင်ပါသည်။



**ဇော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ**

အဆင့်မြင့် စတီးဘလိပ်တားသွားသွားကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊

(နှင်းဆီကုန်းတိုးဘွားရိပ်သာရှေ့)၊ ပေါင်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161

HOTLINE : 09-5008161

**BOSS** အဆင့်မြင့် ပါကေးအရောင်းဆိုင်

အဆင့်မြင့် **Laminate Flooring** ကြမ်းခင်းပြားများနှင့် 100% ရေစိမ်ခံနိုင်သော ကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းဆိုင်(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။

Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152361

အရောင်းဆိုင်(၂) - Ph: 09-5426261, 09-73225484

အရောင်းဆိုင်(၃) - Ph: 09-5076661, 09-5076662, 09-5076663

အရောင်းဆိုင်(၄) - Ph: 09-5091626, 09-5091627

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ Main လမ်းမကြီးအနီး (၄၀'×၆၀') Ph: 09 785548009

**မိဘမေတ္တာ**

09-250937816

09-454899971


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျွန်ုပ်တို့၏ မိတ်ဆွေသည် ဒေါ်နီလာထွန်း[၁၂/ဗတထ(နိုင်)၀၂၀၂၃၄]ထံမှ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၂၀-က) မြေကွက်ပေါ်ရှိ (၄)ခန်းတွဲ (၈)ထပ် ဓာတ်လှေကားပါ အဆင့်မြင့်အဆောက်အအုံ၏ ဝဲဘက်ခြေရင်းခြမ်းရှိ ဆဋ္ဌမထပ်၊ အဝိုင်းလေးကွန်ဒို(အခြားနည်းခေါ် ၇လ္ဘာ/ဘီ၇) ဧရိယာ(၃၅ပေ× ၃၈ပေ)၊ Aircon တစ်ကောင်(၄)လုံး၊ Aircon Stand (၁)လုံး၊ Water Heater (၂)လုံး၊ Center Table (၁)လုံး၊ TV Stand (၁)လုံး၊ ကိုယ်ပိုင်မီတာနှင့် ကိုယ်ပိုင်မော်တာပါ၊ ရေမီးအစုံတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဥပဒေနှင့်အညီဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ၌ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်ပြီး လက်ရောက်ရယူသွားပါမည်ဟု အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးသန်းထွန်း** | **ဒေါ်ညိုမာ** | **ဒေါ်ခွန်ဖူးချို** |
| H.G.P,LL.B,LL.M,D.B.L | LL.B | LL.B,LL.M,C.B.L |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၃၆၁၉) | (စဉ်-၃၅၇၇၆) | (စဉ်-၄၆၂၆၇) |
| 09-43202829 | 09-43066580 | 09-422467446 |

# အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက မောင်တောခရိုင်အတွင်းရှိ ရဲကင်း၊ ရဲစခန်းများကို တိုက်ခိုက်

## တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်မြေစိုးမိုးနိုင်ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ရဲစခန်းတစ်ခုအား ဩဂုတ် ၂၅ ရက် နံနက်အရုဏ်တက်တွင် လက်လုပ်မိုင်းများဖြင့် မိုင်းခွဲတိုက်ခိုက်ခြင်းဖြင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက တိုက်ခိုက်မှုများ စတင်ပြုလုပ်လာခဲ့ရာ နေရာအများအပြားရှိ ရဲကင်းများ၊ ရဲစခန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်လာခဲ့သည်။ မောင်တောဒေသရှိ ရဲကင်းစခန်းများအား အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက နယ်မြေရဲစခန်းများအား လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များတွင် တမန်းသားစခန်းအား နံနက် ၄ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ) မှ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

နံ့သာတောင်စခန်းအား နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲတပ်သား ညီညီလွင် ကျဆုံးပြီး အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား တစ်ဦး သေဆုံးခဲ့သည်။ သဘော်ကွေ့စခန်းအား နံနက် ၃ နာရီ ၄၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့သည်။ ကျီးကျွန်းကင်းစခန်းအား နံနက် ၅ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ)မှ လာရောက်ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ စခန်းမှူးအပါအဝင် ငါးဦးဒဏ်ရာရရှိခဲ့ပြီး နံနက် ၅ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားကြသည်။ မီးတိုက်ချောင်းဝ ကင်းစခန်းအား နံနက် ၄ နာရီ မိနစ် ၂၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်ရာ မီးတိုက်ချောင်းဝ ကင်းစခန်းအတွင်းထိဝင်၍ ဓားဖြင့်ဝိုင်းဝန်းခုတ်ခဲ့သဖြင့် ရဲတပ်ကြပ် ရဲမြင့်၊ ရဲဒုတပ်ကြပ် သက်နိုင်ထွန်းကျဆုံးခဲ့၍ လက်နက်သုံးလက်ပါသွားကာ နံနက် ၄ နာရီ ၄၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားကြသည်။

နတ်ချောင်းကင်းစခန်းအား နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ) မှ လာရောက်ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဇီးပင်ချောင်းဝစခန်းအား နံနက် ၄ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား အင်အား ၁၅၀ ခန့် လာရောက်ဝိုင်းပြီး ကင်းစခန်းအတွင်းထိဝင်၍

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪**



**အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ရဲကင်းစခန်းများအား ဝင်ရောက်တိုက်ခိုက်သည့် မြေပုံ။**

# ရခိုင်ပြည်နယ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင်ပါဝင်သော အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် Arakan Rohingya Salvation Army (ARSA) တို့ကို အကြမ်းဖက်အုပ်စုဟု ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**
၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်းနေ တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားသည့်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်နှင့် ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်နိုင်ရန် ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်ပြင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများကို အလစ်အငိုက် အကြမ်းဖက်ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၉ ဦးကျဆုံးပြီး လက်နက်မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❒**



ရွှေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း။

# မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတစ်ခု၊ ငွေတစ်ခု ထပ်မံဆွတ်ခူး

**ကွာလာလမ်ပူ ဩဂုတ် ၂၅**

ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲ၏ လေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် အမျိုးသမီးပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲကို ယနေ့နံနက်ပိုင်းက ကွာလာလမ်ပူမြို့၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ရွှေတံဆိပ်ရခဲ့ပြီး အမျိုးသားအသင်းက ငွေတံဆိပ်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်အနိုင်ရခဲ့ပြီး အမှတ်အများဆုံးရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**